မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရေကိုသား၍ အကြားမထင် စည်းလုံးညီညွတ်

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံရေးပိုင်းတိုးတက်မှုမှာ အခြေခံအကျဆုံး၊ အဓိကအကျဆုံးဖြစ်သည်ကို နားလည်ခံယူထားကြရမှာဖြစ်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်းများပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုရှိနေရမှာဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။
(အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်အမည်ခံရုံမျှဖြင့် တိုင်းပြည်အလိုအလျောက်ဖွံ့ဖြိုးမည်မဟုတ် တတ်သိနားလည်သော ပညာတတ်များမရှိဘဲ တိုင်းပြည်ကိုရော ဒေသကိုပါ တည်ဆောက်၍မရနိုင် နိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်မည့် ပညာရည်စွမ်းအားရှိသော လူ့အရင်းအမြစ်များလိုအပ် အဆင့်မြင့်ပညာ တိုးချဲ့သင်ကြားနိုင်ရေးစီမံပြီး ဒေသအလိုက်ပညာတတ်များ မွေးထုတ်နေခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရေရှည်အကျိုးဖြစ်ထွန်းစေရေး ရှေးရှုထုတ်လုပ်

မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာတို့သည် ကမ္ဘာတွင် လူကြိုက်များ၍ ဝယ်လိုအား များပြားလာလျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ခြင်း လုပ်ငန်းကို ယခင်က နိုင်ငံတော်ကသာ ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသား လုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်လုပ်ရောင်းဝယ်နေကြပြီ ဖြစ်သည်။

နိုင်ငံတော်က ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများအနေဖြင့် တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ရတနာ အချောထည်များအား စနစ်တကျရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက အားပေး ကူညီလျက်ရှိပြီး လုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ခင်းကျင်းပြသ ရောင်းချလာခဲ့ရာ ယခုအခါ (၆၇)ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ အောက်တိုဘာ ၁၉ ရက်မှ ၂၉ ရက်အထိ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။ ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၁တွဲ၊ လုံးရေအားဖြင့် ၅၉၁၁၇လုံး၊ ကျောက်မျက်အတွဲပေါင်း ၄၆၈ တွဲကို တင်ဒါနှင့် ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၄၂၈ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၃၈၀၉ တွဲကိုတင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချရန်စီစဉ်ထားသည်။ ပြပွဲသို့ပြည်ပမှ ရတနာကုန်သည် ၁၇၀၂ ဦး ရောက်ရှိနေကြသည်။

ရတနာလုပ်ငန်းရှင်များသည် ပြည်ပဈေးကွက်များ၌ အရောင်းသွက်လျက် ရှိသော ကျောက်မျက်ရတနာများ၊ အလှအပ ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို မျက်ခြည်မပြတ် လေ့လာ၍ ပြည်တွင်း၌ ကျောက်မျက်ရတနာ အချောထည်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ရတနာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်သည်။

ကျောက်မျက်ရတနာများသည် နိုင်ငံတော်၏ သဘာဝ သယံဇာတပစ္စည်းများ ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် သားစဉ်မြေးဆက် ရေရှည် အကျိုးဖြစ်ထွန်းစေရေး ရှေးရှုပြီး စနစ်တကျ တူးဖော်ထုတ်လုပ် ရောင်းဝယ်ကြခြင်းဖြင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖားတစ်ရှဉ်းတံတား စံချိန်စံညွှန်းအညီ အမြန်ပြီးစီးအောင်တည်ဆောက် ရထားလမ်းသာမက ကားလမ်းပါ အသုံးပြုနိုင်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် အောက်တိုဘာ ၁၃ရက်က မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့မှတစ်ဆင့် ကြံခင်း– ဉသျှစ်ပင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာမှ ကြံခင်း–ဉသျှစ်ပင် ရထားလမ်းသစ်ဖောက်လုပ်ရေး လုပ်ငန်းတိုးတက်မှု အခြေအနေ၊ ပစ္စည်းစုဆောင်းရရှိမှု အခြေအနေများ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အချိန်မီပြီးရန်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကြံခင်း–ပခုက္ကူ ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ခရီးမိုင် ၄၅ မိုင် ခန့်ရှည်သော ကြံခင်း–ဉသျှစ်ပင် ရထားလမ်း မြေသားတာပေါင်အား အဖွဲ့လေးဖွဲ့ခွဲ၍ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု၍ **(အပေါ်ပုံ)** လမ်းပိုင်းရှိ တံတားများ တည်ဆောက်ရန်နေရာများ သတ်မှတ်အတည်ပြုပေးပြီး လုပ်ငန်းများ လျာထားချက်နှင့်အညီ အချိန်မီ ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရန် မှာကြားသည်။

စံချိန်စံညွှန်း

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အဖွဲ့သည် ဖားတစ်ရှဉ်းတံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ဆက်လက်ထွက်ခွာခဲ့ရာ စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းတိုးတက်မှု အခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ လုပ်ငန်းခွင်အား ကွင်းဆင်းကြည့်ရှုပြီး ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စေရေး၊ ကုန်စည် စီးဆင်းမှု မြန်ဆန်စေရေးနှင့် ရထားလမ်းအတွက်သာမက ကားလမ်းအဖြစ်ပါ အသုံးပြုနိုင်စေရေးအတွက် ဖားတစ်ရှဉ်းတံတားအား စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် တည်ဆောက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

အဘိဓမ္မာ စာအောင်ဆုနှင်းပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏(၃၉)ကြိမ်မြောက်အဘိဓမ္မာစာအောင်ဆုနှင်းသဘင် အခမ်းအနားကို ၁၃၆၈ ခု တန်ဆောင်မုန်းလပြည့်ကျော်၁ရက် (နိုဝင်ဘာ၅ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ် ၄၉/၅၁ရှိ အဘိဓမ္မာ ရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည် ဖြစ်၍ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြရန် နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်းဖုန်း–၃၇၈၄၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၂၁–၁၀–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“သမာဓိဗ္ဗိ ငါးမျိုး”**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“ရင်ခွင်နန်းတော်”** ဒွေး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄း၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၂၀ ၈။ မိုးလေဝသသတင်း
- ၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၆၇)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲ Aston Villa Vs Fulham (Live)

အောက်တိုဘာ ၁၆ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် ၂၀၀၆ ခုနှစ် ပညာရည်ချွန်ဆုရရှိသူများအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က မြို့နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများသို့ ထောက်ပံ့ငွေများပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

● ***ကျောဖုံးမှ***

ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခ) ဦးမန်းမျိုးညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၂ ဦးရှိသည့်အနက် ၁၁ဦးတက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၁ဒသမ ၆၇ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်သည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမား

ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း) နှင့် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၄၇ဦးရှိသည့်အနက် ကိုယ်စားလှယ် ၄၆ဦးတက်ရောက်လာသည့်အတွက် အစည်းအဝေး တက်ရောက်မှုရာခိုင်နှုန်း ၉၇ ဒသမ ၈၇ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာသည်။

အမှာစကားပြော

ယင်းနောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် မကွေးတိုင်းမှ ဦးသိန်းအောင်နှင့် ချင်းပြည်နယ်မှ ဦးလာလ်ကုန်းတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြကြသည်။

အတည်ပြု

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် သဘောထားတင်ပြချက်စာတမ်းကို သဘာပတိက တက်ရောက်လာသူများ၏ ဆန္ဒသဘောထားကို ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီစည်းဝေး ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ တင်ပြဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၁၈ရက် ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တင်ပြဆွေးနွေး

အဆိုပါ အစည်းအဝေးတွင် ပြပွဲဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ လုံခြုံရေး၊ ပြန်ကြားရေးနှင့် စီမံခန့်ခွဲရေးဆပ်ကော်မတီများက ၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အထွေထွေပိုင်းတွင် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များက ၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဓာတုဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

၁၉၇၄-၁၉၇၈ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်၊ ဓာတုဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တက္ကသိုလ်များဓမ္မာရုံ (ကမာရွတ်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ အားလုံး တက်ရောက်နိုင်သည်။ ပါဝင်လှူဒါန်းလိုပါက ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၀၉-၅၀-၁၃၄၆၉၊ ဦးထွန်းထွန်း ဖုန်း-၂၉၃၃၆၆၊ ၀၉-၈၀-၂၁၃၄၀၊ ဦးလှမောင်ရွှေ ဖုန်း-၅၀၂၆၈၁-၂၊ ၀၉-၅၂၀-၀၅၈၄၊ ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ဦးကျော်မိုးစိန် IC ဖုန်း-၀၉-၉၉-၂၅၆၀၃၊ ဒေါ်နွေနွေအောင် ဖုန်း-၂၂၅၅၀၂၊ ၀၉-၅၁၁-၃၂၄၃ နှင့် ဒေါ်ဝေဝေသန်း IC ဖုန်း- ၅၆၀၄၈၄ နှင့် ၅၁၉၁၁၆တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆို၍ သွေးလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၀

လယ်ဝေးမြို့ပါရမီ သွေးလှူရှင်များအသင်းမှ အမှတ်(၄)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးကျော်သူရသည် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောက်တိုဘာ ၁၈ရက်တွင် နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးသွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းသည်။

(သတင်းစဉ်)

သားကောင်းမိခင် ရုပ်မြင်သံကြားဇာတ်လမ်း မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၀

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်ခဲ့ပြီးဖြစ်သော **"သားကောင်းမိခင်"** ရုပ်မြင်သံကြားဇာတ်လမ်းကို အပိုင်းလေးပိုင်းခွဲ၍ မြဝတီရုပ်မြင်သံကြားမှ အောက်တိုဘာ ၂၃ရက်၊ ၂၄ ရက်၊ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ညနေ ၆နာရီတွင် သတင်းအစီအစဉ် ထုတ်လွှင့်မှုအပြီး၌ ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ **"သားကောင်းမိခင်"** ဇာတ်လမ်းကို ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး၊ ဇာတ်ညွှန်းနှင့် တွဲဖက်ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီငြိမ်းမင်းတို့က ရိုက်ကူး၍ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်းနှင့် ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးတို့ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်း ရွှေဟသာ်ာစံကျောင်း ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်း အမှတ် (၁၉/က)ရှိ စစ်ကိုင်းရွှေဟသာ်ာစံကျောင်း၌ ပုရိမဝါကပ်တော်မူခဲ့ကြသော သံဃာတော်များအား ဘုံကထိန်လျာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူဒါယကာ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

21-10 (03) 1 10/21/06, 1:47 AM

လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀ က ရှေးဟောင်းအိုးတစ်လုံး ဟောနန်ပြည်နယ်အလယ်ပိုင်းတွင် တွေ့ရှိ

ပေကျင်း အောက်တိုဘာ ၂၀

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် တရုတ်နိုင်ငံ၏ အစောဆုံးရေးသားခဲ့သည့် ဘာသာစကားဟု ဆိုနိုင်လောက်သည့် လွန်ခဲ့သည်နှစ်ပေါင်း ၄၅၀၀ ခန့်က ကမ္ပည်းစာတန်းများ ရေးထိုးထားသောအိုးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုသည်။

အဆိုပါ အိုးအပိုင်းအစများကို ဟောနန်ပြည်နယ် အလယ်ပိုင်းဟွာရမ်းဒေသရှိ ရှေးဟောင်း မြို့တစ်မြို့၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဟွာရမ်းဒေသ အစိုးရ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းအိုးမတွေ့မီက တရုတ်နိုင်ငံ၏ အစောဆုံးကျောက်စာကိုအရိုးနှင့် လိပ်ခွံများပေါ်တွင် ရေထိုးခဲ့သည်ကိုတွေ့ရကြောင်း၊ လွန်ခဲ့သောနှစ် ၃၀၀၀ ခန့်က ဖြစ်သည်။ ယင်းတို့ကို ရှန်မင်းဆက်တော်ဝင်အုတ်ဂူများတွင် တွေ့ရခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်၌ ဝါဂွမ်းထုတ်လုပ်သည့် လုပ်ငန်းခွင်ကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်း၌အာဏာသိမ်းပြီး တစ်လကြာသော်လည်း လုံခြုံရေးတင်းကျပ်စွာဆောင်ရွက်နေရဆဲဖြစ်

ဗန်ကောက် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံတွင် အာဏာသိမ်းပြီး တစ်လကြာသော်လည်း လုံခြုံရေးအခြေအနေများကြောင့် မာရှယ်လောဥပဒေကို ဆက်လက်ထုတ်ပြန်ထားရသည်။

ရှန်းကန်ကြိုးစား

လက်ရှိကြားဖြတ်အစိုးရသည် နိုင်ငံတကာ ဖိအားပေးမှုများ ရှိနေသကဲ့သို့ နိုင်ငံတစ်ဝန်း အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ရှန်းကန်ကြိုးစားနေရသည်ဟု ဆိုသည်။

စောင့်ကြပ်နေ

ထို့အပြင် နိုင်ငံရေး ခြိမ်းခြောက်မှုများလည်းရှိနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ မျက်ခြည်မပြတ် စောင့်ကြပ်နေကြရသည်ဟု ဆိုသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗင်နီဇွဲလားနိုင်ငံ၏ နေ့စဉ်ရေနံထုတ်လုပ်မှု စည်ပေါင်းငါးသောင်းထပ်မံ လျှော့ချ

ကရာကတ် အောက်တိုဘာ ၂၀

အိုပက်အဖွဲ့ဝင် ဗင်နီဇွဲလားနိုင်ငံသည် အောက်တိုဘာ ၁ ရက်က တစ်ရက်ရေနံ စည်ပေါင်း ငါးသောင်းထုတ်လုပ်မှုလျှော့ချခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်တွင် နောက်ထပ်နေ့စဉ်စည်ပေါင်း ငါးသောင်းထပ်မံလျှော့ချလိုက်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၈ရက်၌ ပြောကြားလိုက်သည်။

ထုတ်လုပ်

ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေမှုကို ဟန့်တားရန် ကြိုးစားနေသည့်နိုင်ငံဖြစ်သည်။ လွန်ခဲ့သော လများက ယင်းနိုင်ငံ၏နေ့စဉ် ရေနံထုတ်လုပ်မှုကို ၂၀ရာခိုင်နှုန်းကျော် လျှော့ချခဲ့သည်။

ယခု ရေနံထုတ်လုပ်မှုလျှော့ချခြင်းသည် အိုပက်အဖွဲ့ဝင် နိုင်ငံများက ရေနံ ထုတ်လုပ်မှုလျှော့ချရန် ဆုံးဖြတ်ချက် မချမီ လျှော့ချခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

လျှော့ချ

ယခုအခါ ဗင်နီဇွဲလားနိုင်ငံသည် စုစုပေါင်းတစ်ရက်စည်ပေါင်းတစ်သိန်း လျှော့ချလိုက်ပြီဟု ထိပ်တန်းတာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

ဖိအား

ဗင်နီဇွဲလားနိုင်ငံသည် အခြားရေနံ တင်ပို့ရောင်းချနိုင်ငံများကိုလည်း ရေနံထုတ်လုပ်မှုလျှော့ချရန် ဖိအားပေးလာနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ပန်းသီးသကြားလုံးအိုး

နယူးယောက်မြို့ ဘရိုယန်ပတ်ခ်၌ ကမ္ဘာ့အကြီးဆုံး ပန်းသီးသကြားလုံးအိုးကြီးကို အောက်တိုဘာ ၁၉ ရက်က တွေ့ရခြင်းဖြစ်သည်။ (ဝဲပုံ)

ယင်းပန်းသီးသကြားလုံးများကို စားဖိုမှူး ဘီလ်ရော့ဆက်က ပြုလုပ်ထားခြင်းဖြစ်ပြီး ပန်းသီးအလုံး ၁၀၀၀၀နှင့် သကြားပေါင် ၈၀၀ တို့ကို အသုံးပြု၍ ပြုလုပ်ထားခြင်းဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်သုံးဦး အီရတ်၌ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်၌ အောက်တိုဘာ ၁၇ရက်က သီးခြားစီဖြစ်သော တိုက်ပွဲများ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၈ရက်တွင်ကြေညာသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးတွင် တစ်ဦးမှာ ဒီယာလာပြည်နယ်၌ ရန်သူ့လက်ချက်ဖြင့်လည်းကောင်း၊ တစ်ဦးမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရ၍ လည်းကောင်း၊ အခြားတစ်ဦးမှာအန်ဘာပြည်နယ်၌ တိုက်ခိုက်ခံရသည့် ဒဏ်ရာဖြင့်လည်းကောင်း သေဆုံးခဲ့ကြောင်း အမေရိကန်၏စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း ဗို့အား ၄၀၀၀ ရှိ မိုးကြိုးမုန်တိုင်းများပစ်

ဆစ်ဒနီ အောက်တိုဘာ ၂၀

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၈ရက်က ဗို့အား ၄၀၀၀ ရှိ မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့ကြောင်း သြစတြေးလျ မိုးလေဝသဌာနက ပြောကြားသည်။

ယင်းမိုးကြိုးမုန်တိုင်းများသည် နယူးဆောက်ဝေးလ်ပြည်နယ် အရှေ့တောင်ပိုင်းအစွန်တွင် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဝါရင့်မိုးလေဝသ ခန့်မှန်းရေးမှူး နေလီဖရာဆာက ပြောကြားသည်။

မိုးကြိုးမုန်တိုင်းများ ပစ်ခတ်ရခြင်း အဓိကအကြောင်းအရင်းမှာ နွေရာသီကာလအတွင်း တောမီးများလောင်ကျွမ်းခြင်းနှင့် မိုးခေါင်မှုများကာ အပူချိန်မြင့်မားရခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ဟာဝိုင်ယီကျွန်း၌ ငလျင်လှုပ် ဒေါ်လာ၄၆သန်းဖိုးခန့်ပျက်စီးဆုံးရှုံး

ဝါရှင်တန် အောက်တိုဘာ ၁၉

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ အောက်တိုဘာ ၁၆ ရက်က အင်အားပြင်းငလျင်လှုပ်ခဲ့ရာ အနည်းဆုံး အမေရိကန်ဒေါ်လာ ၄၆သန်းဖိုး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မူလခန့်မှန်းတွက်ချက်မှုထက် ပိုမိုကြောင်း အောက်တိုဘာ ၁၈ရက်က ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ယင်းငလျင်လှုပ်မှုကြောင့် စာသင်ကျောင်း ခုနစ်ကျောင်း၊ စီးပွားရေးလုပ်ငန်း အဆောက်အအုံများ၊ လူနေအိမ်များ၊ လမ်းများနှင့် တံတားများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

၎င်းငလျင်သည် ဟာဝိုင်ယီကျွန်းအနောက်ဘက် ကမ်းခြေ၌ အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းက ရစ်ချ်စတာစကေး ၆ဒသမ၆ရှိကြောင်း၊ ကျွန်းပေါ်ရှိ လူနေအိမ်နှင့် စီးပွားရေး လုပ်ငန်း အဆောက်အအုံ ၄၅၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် သေဆုံးသူနှင့် ပြင်းထန်စွာ ဒဏ်ရာရရှိသူများ မရှိကြောင်း ဟာဝိုင်ယီကျွန်းအနီးဝန်းကျင်ရှိ ပြည်သူ ၁၀၀ကို အရေးပေါ်အုပ်ချုပ်ရေးဌာနသို့ ပို့ထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကယ်ကွတ်မြို့တွင် ဗုံးခွဲမှုများဖြစ်ပွား

ကယ်ကွတ် အောက်တိုဘာ ၂၀

အီရတ်နိုင်ငံမြောက်ပိုင်းကယ်ကွတ်မြို့တွင် အောက်တိုဘာ၁၆ ရက်က ကားဗုံးခွဲမှု လေးခုဖြစ်ပွားသဖြင့် ၁၀ ဦးသေဆုံးခဲ့ကြောင်း၊ ဒေသခံပြည်သူများမှာအပြင်မထွက်ရဲသဖြင့် လမ်းမကြီးများမှာ လူသူကင်းမဲ့လျက်ရှိသည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များသည် မြို့တွင်း၌ ရဟတ်ယာဉ်များ၊ ကားများဖြင့် ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။ **အမ်အင်အေ၊ ရိုက်တာ**

မီတာ ၂၀၀ ရှည်သော ပန်းချီကား

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဇမ်ဘို ရမ်ဂါဆိပ်ကမ်း၌ ဖိလစ်ပိုင်ပန်းချီ ဆရာများက မီတာ ၂၀၀ ရှည်သော ပင်လယ်သက်ရှိများ၏ ပန်းချီကား တစ်ချပ်ကို အောက်တိုဘာ ၁၈ရက်က ရေးဆွဲနေကြခြင်း ဖြစ်သည်။ (ယာပုံ)

ယင်း ပန်းချီကားဖြင့် ဖိလစ်ပိုင် ပန်းချီဆရာများက ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးစားကြခြင်း ဖြစ်သည်။ **(အင်တာနက်)**

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း **(ဝဲပုံ)** က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်ဝတ္တရားများကို အသိတရား၊ စေတနာတရားများနှင့် ယှဉ်၍ ထမ်းဆောင်ကြစေလိုကြောင်း၊ ပြည်သူကို စောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထာဝစဉ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်ကောင်းများ ရှင်သန်ခိုင်မာအောင် အမြဲလေ့ကျင့်ပျိုးထောင်နေကြရမှာ ဖြစ်ကြောင်းနှင့် လုပ်ပိုင်ခွင့်များ အလွဲသုံးမှုမဖြစ်အောင် သတိပြု ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်နှင့် တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြို့မဲ့၊ ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက မှုခင်းကျဆင်းရေးနှင့် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေး လုပ်ဆောင်မှုများကို အသင်းကြီးက သဘောမတူကန့်ကွက် အမျိုးသားညီလာခံ အောင်မြင်ရေး ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနမှ အရှေ့တောင်အာရှ၊တောင်အာရှနှင့် ပစိဖိတ်ဒေသအပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနတာဝန်ခံ Mr. Nguyen Hoanh Son ခေါင်းဆောင်သည့် ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tungနှင့် ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ယင်းသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူးဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ဖွဲ့စည်းမှုနှင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူတို့နှင့်အတူ ပါဝင်ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်နေသောအခြေအနေများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက မျက်မှောက်ကာလတွင် သမိုင်းစဉ်တစ်လျှောက် မည်သည့်အချိန်ကမှ မရရှိခဲ့သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှန်များကို မျက်ကွယ်ပြုပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမရှိဟု လုပ်ကြံပြောဆိုသူအချို့ရှိနေကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်မှုများကို အသင်းကြီးက သဘောမတူကန့်ကွက်ကြောင်း၊ နိုင်ငံတော်အတွင်း ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ၊ ဆက်လက် ထိန်းသိမ်းပြီး ပိုမိုတိုးတက်စေရန် အသင်းကြီးအနေနှင့် ပြည်သူများနှင့် လက်တွဲပြီး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အနာဂတ် နိုင်ငံတော်သစ်ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက်လည်း ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Tran Van Tung က နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအတွင်း ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများရှိပြီးဖြစ်ကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှုအပေါ်အခြေပြု၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် ဗီယက်နမ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Nguyen Hoanh Son က ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ဗီယက်နမ်ပြည်သူလူထုအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတည်ဆောက်နေမှုများ၊ ဗီယက်နမ်နှင့် မြန်မာနှစ်နိုင်ငံအစိုးရများသာမက အဖွဲ့အစည်းနှင့် ပါတီအချင်းချင်း၊ ပြည်သူလူထုအချင်းချင်း အစဉ်အလာရှိခဲ့သည့် ရင်းနှီးချစ်ကြည်မှုကို တိုးတက်ခိုင်မြဲစေရန် တိုးမြှင့်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားသည်။

ပြသရှင်းလင်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများကို ဗွီစီဒီဖြင့် ပြသရှင်းလင်းသည်။

အမှတ်တရ

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗီယက်နမ်ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင် Mr. Nguyen Hoanh Son တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနမှ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနတာဝန်ခံ Mr. Nguyen Hoanh Son လာရောက် တွေ့ဆုံစဉ်။
(သတင်းစဉ်)

ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုသူများအနေဖြင့် နှစ်လက်မစက်ရေတွင်းကို အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်းကို အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်းကိုအနက်ပေ၂၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄ နှင့် ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လျှပ်စစ်စွမ်းအား ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၉၄)ခုနှစ်တွင် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိခဲ့ကြသော ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကင်းမြို့နယ် အမှတ် ၁၇ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Micasaဟိုတယ် Function Roomတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပခုက္ကူအသင်း(ရန်ကုန်)ဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ အာဇာနည်လမ်း၊ ဒဂုံမြို့နယ်ရှိ ပခုက္ကူအသင်းဓမ္မာရုံ၌ အောက်တိုဘာ ၂၉ ရက်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ နာယကများနှင့် အသင်းသူအသင်းသားများ တက်ရောက် လှူဒါန်းပူဇော်ကြပါရန်နှင့် အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၆၄၂၄၄၅၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ ဖုန်း-၃၇၈၈၇၈ တို့နှင့် အသင်းတည်ရာဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

တောတိုက်ဓမ္မရိပ်သာ မဟာဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ၏ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဘဒ္ဒန္တ ဓမ္မာသာရ မဟာထေရ်ဆရာတော်ကြီးအမှူးပြုသော သံဃာတော် ၂၉၇ ပါးနှင့် ပင့်သံဃာတော် ၁၈၀ကျော်တို့အား စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲကို တောတိုက် ဓမ္မရိပ်သာ တပည့်ယောဂီများက တန်ဆောင်မုန်းလပြည့် နိုဝင်ဘာ၄ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဖုန်း-၆၃၅၀၂၇၊ ၆၃၅၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေဘေးသင့်ခံရသည့် ကြံခင်းမြို့နယ်အတွင်းရှိ ရှောက်ခုံအမကနှင့် မြောင်ကြီး အလကတို့အတွက် သောက်ရေကန်၊ စာရေးခုံနှင့် အဝတ်အထည်များကိုအောက်တိုဘာ ၇ရက်က ကြံခင်းမြို့နယ် အသင်းဥက္ကဋ္ဌ ဦးစန်းလွင်က ပေးအပ်လှူဒါန်းရာ မြောင်ကြီးအလက ကျောင်းအုပ်ဆရာကြီးက လက်ခံယူစဉ်။
(က-ပ)

■ ကျောဖုံးမှ

သစ်တော သုတေသနဌာန၌ လည်းကောင်း၊ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း ကျင်းပကြသည်။

ကြည့်ရှုအားပေး

ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နေပြည်တော်သို့ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမ ပညာကိုချစ်မြတ်နိုးကြသောပြည်သူများ လာရောက်ကြည့်ရှုအားပေး နားသောတဆင်ကြသည်။

အဆိုပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မဟာဂီတ အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝါသနာရှင် အဆင့် (ဒုတိယတန်း) (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ "ဘုန်းထူးဝေဆာသီချင်းခံ"ဖြင့် ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ရန်ကုန်တိုင်းမှ ဦးစောဝင်း၊ မန္တလေးတိုင်းမှ ဦးပြေဌေး၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ရခိုင်ပြည်နယ်မှ ဦးဇော်မင်းလတ်၊မွန်ပြည်နယ်မှ ဦးကြည်မြင့်၊ ကရင်ပြည်နယ်မှ ဦးအေးလွင်၊ မန္တလေးတိုင်းမှ ဦးမြသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးညွန့်မောင်၊ ပဲခူးတိုင်းမှ ဦးနေအောင်၊ ဧရာဝတီတိုင်းမှ မောင်သန့်ဇော်ကိုတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "သပြေသောင်းလုံး" (ဘွဲ့)သီချင်းဖြင့် မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း (ခ)ဖြူစင်သူ၊ ကချင်ပြည်နယ်မှ မဆွတ်ဆိုင်းရိန်၊ စစ်ကိုင်းတိုင်းမှ မစုစုလှိုင်၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ တနင်္သာရီတိုင်းမှ မချယ်ရီဝေ၊ မန္တလေးတိုင်းမှ မအေးမိစံ၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်နှင့် မွန်ပြည်နယ်မှ မအေးမြသီတာတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ကာလပေါ်တေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲ၏ ခေတ်ဟောင်း ကာလပေါ်တေးအဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက် ကျင်းပရာ ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကိုကျင်းပရာ နန်းတော်ရှေ့ ဆရာတင်ရေးစပ်သီကုံးပြီး ကိုအံ့ကြီးသီဆိုသည့် "ရွှေမင်းဂံ" သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ မွန်ပြည်နယ်မှ မောင်ရဲမင်းစိုး၊ မန္တလေးတိုင်းမှ မောင်ရာဇာတင်အေး၊ ပဲခူးတိုင်းမှ မောင်တေဇာအောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်မျိုး၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်၊ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ ကချင်ပြည်နယ်မှ မောင်ကျော်သူ၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မောင်နေဇင်လတ်၊ ချင်းပြည်နယ်မှ မောင်ရဲဝင့်အောင်၊ ကရင်ပြည်နယ်မှ မောင်ဇင်မင်းအောင်၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုး ဟိန်းနှင့် စစ်ကိုင်းတိုင်းမှ မောင်ချစ်မောင်ထွေးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ လင်းခေးလုလင် ရေးစပ်သီကုံးပြီး တေးသံရှင် တင်တင်မြ သီဆိုသည့် "ဂေါတမမြတ်ဘုရားဂုဏ်" သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မမြတ်ကေခိုင်၊ ပဲခူးတိုင်းမှ မအိန္ဒြေဖူးငုံ၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ တနင်္သာရီတိုင်းမှ မနော်သီတာခိုင်၊ မန္တလေးတိုင်းမှ မနှင်းထက်ထက်လွင်၊ မကွေးတိုင်းမှ မဇီဇဝါမိုး၊ ရန်ကုန်တိုင်းမှ မအင်ကြင်းဖြူ၊ ရခိုင်ပြည်နယ်မှ မအေးစိုးသိန်း၊ ဧရာဝတီတိုင်းမှ မဆုသက်ပိုင်၊ မွန်ပြည်နယ်မှ မမေသဇင်၊ မန္တလေးတိုင်းမှ မကြည်စင်သန့်၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ကရင်ပြည်နယ်မှ မအေးချမ်းမွန်၊ ရန်ကုန်တိုင်းမှ မမြတ်အင်ကြင်းနှင့် ချင်းပြည်နယ်မှ မဗန်ရွှေမွေးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

အကပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခန်းမဆောင်၌ ကျင်းပသည်။

ယနေ့ ကျင်းပသည့် အဆင့်မြင့်ပညာအဆင့်(အမျိုးသား)အကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်အောင်ဆန်းထူး၊ ဧရာဝတီတိုင်းမှ မောင်မင်းဇော်လတ်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း၊ မွန်ပြည်နယ်မှ မောင်မြင့်ဦး၊ ကရင်ပြည်နယ်မှ စောမြလင်းစိုးနှင့် မောင်ပြည့်စုံ၊ မန္တလေးတိုင်းမှ မောင်လှဌေးကျော်၊ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းမောင်၊ ဧရာဝတီတိုင်းမှ မောင်ဇေယျာအောင်၊ ကချင်ပြည်နယ်မှ မောင်ချစ်လင်း၊ ရခိုင်ပြည်နယ်မှ မောင်ရင်မွန်၊ မန္တလေးတိုင်းမှ မောင်နေလင်းထက်၊ ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦးနှင့် စစ်ကိုင်းတိုင်းမှ မောင်နိုင်လင်းဦးတို့ ပါဝင်ယှဉ်ပြိုင်ကပြကြသည်။

အတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအုန်းဌေးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးလှိုင်သန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦး (ခ)မောင်မောင်ဦးနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့် အဖွဲ့တို့က ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ကျော်ဇင်ဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့်အဖွဲ့နှင့် မောင်ဇွဲအာကာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းနှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းသစ်တော သုတေသန ဌာနစုဝေးခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စန္ဒရား အတီးပြိုင်ပွဲတွင် "မိန်ရာသီ" (ကိုအံ့ကြီး)သီချင်းဖြင့် မန္တလေးတိုင်းမှ မနေရည်အောင်၊ ဧရာဝတီတိုင်းမှ မတင်နီလာဝင်း၊ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်တို့က ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ်(အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် "ထွန်းလင်းလျှံလက်" (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကျော်ရဲဟိန်း၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး(ခ) မင်းထက်အောင်၊ ပဲခူးတိုင်းမှ မောင်ရဲရင့်ဝင်းနှင့် မန္တလေးတိုင်းမှ မောင်ဝေလွင်အောင်တို့က ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိန်ရဲအောင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးကိုနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မြန်မာပြည် မောင်စိုးသိန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးရှိန်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးမျိုးဟိန်းဦး(ခ) ဟိန်းရာဇာနှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးစွမ်းထက်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးဆန်းသစ်အောင်(ခ)ဦးမောင်မောင်ညွန့်နှင့် အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးမြဇော်ဗိုလ်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့်အဖွဲ့တို့ကပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ်အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ညနေ ၄ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ရဲမင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်သန့်ဇော်ကိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်း(ခ) ထက်ထက်ပိုင်လင်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်နေမျိုးလွင်နှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ကျင်းပမည်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ အောက်တိုဘာ ၂၁ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားကြမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသော ပြည်နယ်၊တိုင်းများမှ တိုင်းရင်းသား ညီနောင်များသည် မမက 'ဆို' ကိုကိုက 'က'၊ ကိုကိုက 'တီး' ညီမလေးက 'က' အတိုင်အဖောက် ညီစွာဖြင့် မိသားစုပျော်ပွဲရွှင်ပွဲလေးသဖွယ် တွေ့ရှိရသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မိသားစုပျော်ပွဲ

* မမက 'ဆို'၊ ကိုကိုက 'က'
ညီမလေး 'ရေး'၊ မောင်လေးက 'တီး'
ရှုမငြီးသည့်၊ ပွဲကြီးသဘင်
ကျင်းပဆင်နွဲ၊ ဥယျာဉ်ထဲက
မခွဲမခြား၊ သွေးချင်းများနှင့်
မိသားစု၏ပျော်ပွဲကလေး။ ။

ရန်နိုင်ဦး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားညီနောင်များသည် မမက'ဆို' ကိုကိုက'က'၊ ကိုကိုက'တီး' ညီမလေးက 'က' အတိုင်အဖောက်ညီစွာဖြင့် မိသားစုပျော်ပွဲရွှင်ပွဲလေးသဖွယ် တွေ့ရှိရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက စာအုပ်များလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆည်စံပြကျေးရွာရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးကိုယ်စား အဖွဲ့ဝင် စာရေးဆရာမ မစန္ဒာက စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၀၀၊ ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ် ၁၀၀ စီ၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မအူပင်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပန်းတနော် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ် ၅၀စီနှင့် ကျန်အလှူရှင်များက စုစုပေါင်း စာအုပ်၂၁၄၀အုပ်ကို ပေးအပ်လှူဒါန်းကြရာ ကြိမ်ပင်ဆည် စံပြကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သိန်းက လက်ခံရယူသည်။ **(ဓာတ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက် အတွက်အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကြိမ်ပင်ဆယ် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆင်ထုံးကျေးရွာအုပ်စု ရပ်မိရပ်ဖများက ငွေကျပ်၅၀၀၀၀စီ၊ မအူပင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်၂၀၀၀၀၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့တို့က ငွေကျပ် ၁၀၀၀၀စီ စုစုပေါင်း ငွေကျပ် ၂၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကြိမ်ပင်ဆည် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးရေသာနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်သိန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံသူ၊ နိုင်ငံသား၊ ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင် ပြည့်စုံကြွယ်ဝမှုနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများ ဟန်ချက်ညီညီပေါင်းစပ် ခေတ်မီနိုင်ငံတော်ကြီးကို တက်ညီလက်ညီ အောင်အောင်မြင်မြင် တည်ဆောက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်ထူးချွန် သော ကျောင်းများနှင့် မြို့နယ် များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၀

တနင်္သာရီတိုင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ သင်ကြားမှုထူးချွန်ဆုရ ဆရာ ဆရာမများ၊ အောင်ချက်ထူးချွန်သော ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၈နာရီက မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အစီအစဉ်အရ အခြေခံပညာ ကျောင်းသား ကျောင်းသူများက ‘မြန်မာ့ကျောင်း’ သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဂုဏ်ပြုအမှာစကား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရအောင် ဆရာ ဆရာမများ အပါအဝင် ပြည်သူများ၏ စွမ်းအားများနှင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရရှိဖြစ်ထွန်းလာနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားများနှင့်ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးစား

နိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှုစွမ်းအားများနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တက်ညီလက်ညီ အားထုတ် ကြိုးစားနိုင်မှသာ မိမိတို့လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ယခုအခါ ပညာရေးကဏ္ဍ၏ လုပ်ငန်းစဉ်များကို အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းဖြင့် ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ဤအမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းသည် ရှေ့အနှစ် ၃၀ကို မျှော်မှန်းချက်ချမှတ်ထားသည်နှင့် အညီ ကာလတို ငါးနှစ်စီမံကိန်းများ တွင် နှစ်စဉ်လုပ်ငန်းစီမံချက်များ ပိုင်း ခြား၍ နှစ်စဉ်နှစ်တိုင်း ပြန်လည် သုံးသပ် ဆွေးနွေးဆုံးဖြတ်ချမှတ်ဆောင်ရွက် နေသည် ဖြစ်သည့်အတွက် အကောင် အထည်ဖော်မှု အပိုင်းတွင် လက်တွေ့ကျရန်နှင့် အခြေခံအဆင့်တွင် အဆင် ပြေချောမွေ့အောင်မြင်ရန် အရေးကြီး ကြောင်းကို ပြောကြားလိုကြောင်း။

အထောက်အကူပြု

ယနေ့ နိုင်ငံတော်က ဖန်တီးပေး ထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲများသည် ကျေးလက်နေ ကျောင်းသူ ကျောင်း သားများ လွယ်လင့်တကူ ဆက်လက် ပညာသင်ယူနိုင်စေရန် တန်းစဉ်တက် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာ စေရန် အထူးသဖြင့် ကျေးလက်နေ ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ ကျေးလက် ပညာရည်မြင့်မားရေးကို ထိထိရောက် ရောက် အထောက်အကူဖြစ်စေနိုင်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

စာသင်ကျောင်းများက စတင်၍ ကျောင်းသူ ကျောင်းသား ကလေးငယ် များကို ကျောင်းစည်းကမ်း၊ လူ့စည်း ကမ်း လိုက်နာ ထိန်းသိမ်းတတ်ပြီး မိမိကျောင်းကို ကောင်းအောင်ပြုပြင် ချင်သောစိတ်ဓာတ်၊ မိမိပါဝင်သည့် လူ့အဖွဲ့အစည်းကို တိုးတက်ကြီးပွား စေလိုသော စိတ်ဓာတ်နှင့် မိမိတစ်ပိုင် တစ်နိုင် ကူညီဆောင်ရွက်ပေးတတ် သော အလေ့အကျင့်များကို ပြုစုပေး လိုက်နိုင်မည်ဆိုလျှင် ရပ်ရွာဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကြိုးပမ်းဆောင်ရွက်တတ် သော တိုင်းကျိုးပြည်ဆောင်လူငယ် များဖြစ်လာမည်မှာ အမှန်ဖြစ်ကြောင်း။

လူငယ်လူရွယ်တိုင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ကို ချစ်ခင်မြတ်နိုးတတ်သည့် စိတ်ဓာတ် အခြေခံရှိမှသာ အမျိုးသားရေးအမြင် အစဉ်ထာဝရ ရှင်သန်ထက်မြက်နေမည် ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း ချစ်ခင် စည်းလုံးသည့် စိတ်ဓာတ်ထက်သန်နေမှ သာပြည်ထောင်စုစိတ်ဓာတ်အမြဲထာဝရ ထက်မြက်ရှင်သန်နေမှာ ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ဆရာဆရာမများ အားလုံးက မိမိ တို့၏တပည့် ကျောင်းသူကျောင်းသား များကို ဆင်ခြင်တွေးတော ချိန်ဆတတ် သည့် အသိဉာဏ်တွေးခေါ်မြော်မြင် နိုင်သည့် စွမ်းအားများနှင့် ပြည့်စုံ စေရအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကို မြှင့်တင် ပေးကြရန် တိုက်တွန်းပြောကြားလိုပါ ကြောင်း။

ပူးတွဲတတိယရရှိ

တနင်္သာရီတိုင်း၏ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်သည် ၂၈ ဒသမ ၉၆ရာခိုင်နှုန်းရသဖြင့် မြန်မာ တစ်နိုင်ငံလုံး၏အောင်ချက်ဖြစ်သည့် ၂၅ ဒသမ ၄၇ ရာခိုင်နှုန်းထက် ကျော် လွန်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တိုင်းနှင့် ပြည်နယ် (၁၇)ခုတွင် မွန်ပြည် နယ်က ၃၃ ဒသမ ၆၄ရာခိုင်နှုန်းဖြင့် ပထမရပြီး မန္တလေးတိုင်းက ၃၀ ဒသမ ၆၂ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တနင်္သာရီ တိုင်းနှင့် ဧရာဝတီတိုင်းတို့သည် ၂၈ ဒသမ ၉၆ရာခိုင်နှုန်းဖြင့် ပူးတွဲ တတိယ ရရှိပါကြောင်း။

ယခုကဲ့သို့ တတိယအဆင့် ရရှိ အောင် ကြိုးကြပ်လမ်းညွှန်မှုပေးခဲ့ကြ သည့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့ အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်း အသီးသီးမှ ကျောင်းအကျိုး တော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း များ၊ စေတနာရှင် အလှူရှင်များကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

အလားတူပင် တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးဌာနအဆင့်ဆင့်မှ တာဝန်ရှိ သူများ၊ ကျောင်းအုပ်ကြီးများနှင့် သင်ကြားပို့ချပေးသည့် ဆရာ ဆရာမ များ အားလုံးကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ကြောင်း။

ဆက်လက်ပြီး တနင်္သာရီတိုင်း ဂုဏ်ဆောင် သုံးဘာသာနှင့် အထက် ဂုဏ်ထူးဆုများ ရရှိအောင် ကြိုးပမ်း ခဲ့ကြသည့် ဂုဏ်ထူးရှင် မောင်၊ မယ် အပေါင်းတို့ကိုလည်း အထူးမှတ်တမ်း တင်ဂုဏ်ပြုအပ်ပါကြောင်း။

ဝိုင်းဝန်းပါဝင်

နိဂုံးချုပ်အနေဖြင့် မှာကြားလို သည်မှာ တနင်္သာရီတိုင်း၏ ၂၀၀၇ ခုနှစ်မှာ ကျင်းပပြုလုပ်မည့် တက္ကသိုလ် ဝင်စာမေးပွဲ အောင်ချက်ရာနှုန်း ယခု နှစ်ထက် ပိုမိုတိုးတက် ကောင်းမွန် အောင် ဆက်လက် ကြိုးပမ်းကြပါ၊ သုံးဘာသာနှင့် အထက် ဂုဏ်ထူးရှင် များ ယခုထက် ပိုမိုများပြားအောင်နှင့် ခြောက်ဘာသာဂုဏ်ထူးရှင်များ ပေါ် ပေါက်အောင် ကြိုးပမ်းကြပါ၊ ပညာ ရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြော ကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက အခမ်းအနားကျင်းပရခြင်း အကြောင်းနှင့် တနင်္သာရီတိုင်းအတွင်း ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ် ဝင် စာမေးပွဲအောင်ချက် မြင့်မားရေး တို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရေး ရှင်းလင်း အမှာစကားပြော ကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ၂၀၀၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင် ချက် ၃၇ ဒသမ ၈၄ ဖြင့် အကောင်း ဆုံး အောင်ချက်ဆု မြို့နယ်ဖြစ်သည့် လောင်းလုံမြို့နယ်မှ ပညာရေးမှူး ဒေါ်ရွှေမိ၊ အောင်ချက် ၅၈ ဒသမ ၂၄ ဖြင့် အကောင်းဆုံး အောင်ချက်ဆုရ ကျောင်းဖြစ်သည့် အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်း အုပ်ကြီး ဦးတင်မောင်ဆွေ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပသော (၁၈)ကြိမ် မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လူငယ်များတွေ့ဆုံ ပွဲသို့ တက်ရောက် ခွင့်ရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်း ကျောင်းသား မောင်ဝေယံကိုကိုတို့အား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့် သည်။

ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ၂၀၀၆ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် တိုင်းအတွင်း ပထမ ဆုရ ထားဝယ်မြို့ အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်းမှ မမြတ် ဟေမာစိုး၊ ဒုတိယဆုရ မြိတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မှ မဧကရီထွန်း၊ တတိယဆုရ မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမှ မောင်ဆန်းမော်နှင့် ငါး ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သော အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ မဧကရီ ထွန်းတို့အား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီး ဌာန အမှတ်(၁) အခြေခံပညာဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ၂၀၀၆ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ မြိတ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦး၊ ထားဝယ်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း မှကျောင်းသူနှစ်ဦး၊ ထားဝယ်မြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသူသုံးဦး စုစုပေါင်း ကျောင်း သား ကျောင်းသူ ၁၃ ဦးအား ဂုဏ်ပြု ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရဲမှူးကြီးမြင့်စိုးက ၂၀၀၆ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူး ဖြင့် အောင်မြင်ခဲ့ကြသော မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ မြိတ်မြို့ အမှတ်(၂) အခြေခံ ပညာထက်တန်းကျောင်းမှ တစ်ဦး၊ မြိတ်မြို့ အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်းမှ လေးဦး၊ မြိတ်မြို့ အမှတ်(၄)အခြေခံပညာ အထက် တန်း ကျောင်းမှတစ်ဦး၊ ကျွဲကူး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ တစ်ဦး၊ပုလောမြို့ အခြေခံပညာအထက် တန်းကျောင်းမှ တစ်ဦး၊ ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ နှစ်ဦး၊ ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ တစ်ဦး၊ ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းမှ နှစ်ဦး၊ လောင်းလုံအခြေခံ ပညာအထက်တန်းကျောင်းမှ နှစ်ဦးနှင့် အောက်ရေဖြူ အခြေခံပညာအထက် တန်းကျောင်းမှ နှစ်ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၇ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းပညာရေးမှူး ဦးဝင်းဆွေက ၂၀၀၆ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်နှင့် အောင်ချက်မြင့် မားရေးအတွက် ကူညီပံ့ပိုးခဲ့သော မြိတ် တက္ကသိုလ်မှ ပါမောက္ခချုပ် ဦးသိန်း အောင်နှင့် ထားဝယ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော် ဌေး၊ သုံးဘာသာ နှင့်အထက် ဂုဏ်ထူး ရရှိအောင်သင်ကြားပေးသော မြိတ်မြို့ နယ်မှ ဆရာ ဆရာမ ၄၂ဦး၊ ထားဝယ် မြို့နယ်မှ ဆရာဆရာမ ၂၃ဦး၊ ပုလော မြို့နယ်မှ ဆရာဆရာမ ခုနစ်ဦးနှင့် လောင်းလုံမြို့နယ်မှ ဆရာ ဆရာမ ရှစ်ဦးတို့အား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်၂၀၀၆ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး ဖြင့် ထူးချွန်စွာ အောင်မြင်သူ မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ မဧကရီထွန်းက ကျေးဇူး တင်စကားပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်း သား ကျောင်းသူများက “ဓာတ်မာန်” သီချင်းကို သီဆိုတင်ဆက်ပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ ဝင်များသည် ဂုဏ်ပြုဆုရ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၆) ခင်းကျင်းပြသမည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာ့ပရိဘောဂပြပွဲ(၂၀၀၆)ကို အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့ဝင် Sinma Furnithing Co., Ltd.၊ လှကမ္ဘာပရိဘောဂ၊ လှဘုရင်ပရိဘောဂ၊ ရွှေမှီပရိဘောဂ၊ ချမ်းမြေ့သာပရိဘောဂ၊ ကျူးဇစ်ပရိဘောဂ၊ မြန်မာစတိုင်လ်ပရိဘောဂ၊ အောင်စည်မိုးပရိဘောဂ၊ ပစ်တိုင်းထောင်ပရိဘောဂ၊ ထူးမြတ်ပရိဘောဂနှင့် ဝါလွင်ပရိဘောဂတို့က ပါဝင်ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အိမ်တွင်းလူသုံးနှင့် အလှဆင်ပရိဘောဂများ၊ နိုင်ငံတကာနည်းပညာများဖြင့် အထူးပြုလုပ်ထားသော ကျွန်းအစားထိုး လူသိနည်းသည့် အခြားသစ်များဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ပြည်တွင်းပရိဘောဂ လုပ်ငန်းရှင်များအစုအဖွဲ့က ဖွင့်လှစ်သည့် အခြေခံဒီဇိုင်းသင်တန်းသားများ ထုတ်လုပ်ထားသည့် အိမ်ခန်းသုံးပရိဘောဂများကို ပြသသွားမည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲရန် ပရိဘောဂများရောင်းချနိုင်ရေးကိုလည်း စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာဝန်ရှိသူများအား မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနား လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများအား မှာကြားစဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်အတွင်း မိုးရွာသွန်းမှု၊ မြေအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများနှင့် နိုင်ငံတော်၏အဓိကသီးနှံ၁၀မျိုးစိုက်ပျိုးနိုင်မှုများ၊ ဒေသဝမ်းစာဖူလုံမှုနှင့် စားသုံးဆီဖူလုံမှုအခြေအနေများ၊ ရတနာတန်းဝင်ကျွန်းစိုက်ပျိုးမှုများ၊ ခြံစည်းရိုးကြက်ဆူ၊ ရော်ဘာ၊ ကြံ၊ တညင်း၊ ထောပတ်စသည့်နှစ်ရှည်သီးနှံစိုက်ပျိုးမှုများ၊ ဆည်တမံများ၏အခြေအနေများ၊ ပြည်နယ်၏အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဆိုင်ရာအခြေအနေများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လမ်း၊ တံတားတည်ဆောက်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်နိုင်မည့်နေရာများ စူးစမ်းလေ့လာဖော်ထုတ်ရေး၊ လမ်းတံတားလုပ်ငန်းအခြေအနေများကို သက်ဆိုင်ရာဌာနအလိုက် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကချင်ပြည်နယ်အတွင်း စာတိုက်များ၊ ကြေးနန်းရုံးများက ပြည်သူများအတွက်ဝန်ဆောင်မှုပေးနေသည့်အခြေအနေများ၊ မြစ်ကြီးနားမြို့၌ Mobile ဖုန်းစနစ်မြှင့်တင်ပေးမည့်အစီအမံများ၊ ကချင်ပြည်နယ်အတွင်းရှိ သွားလာမှုခက်ခဲသော ဝေးလံသည့်ဒေသများ၌ တယ်လီဖုန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ကချင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသများအပါအဝင် ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် အမျိုးသားညီလာခံကို ထောက်ခံသောအားဖြင့် ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများ မီးလင်းရေးအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက မိမိတို့ဒေသအတွင်း၌ပင် လွယ်လင့်တကူအဆင့်မြင့်နည်းပညာများကို သင်ကြားတတ်မြောက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့အစိုးရနည်းပညာကောလိပ် တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့မှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို နည်းလမ်းမှန်ကန်စွာဖြင့် လုပ်ငန်းရှင်များ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှု

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ယင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝင်ရောက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်ရေးအတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေခံပညာရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အရှိန်အဟုန်ရှိရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်ကြောင်း၊ ယင်းရေမြေသယံဇာတများကို တန်ဖိုးမြှင့်တင်အသုံးချနိုင်ပြီး လမ်းပန်းဆက်သွယ်မှုကလည်း တိုးတက်ကောင်းမွန်၊ ရပ်ရွာဒေသကလည်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာနေပါက ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို တိုးတက်ကောင်းမွန်အောင် ပြုပြင်လုပ်ကိုင်နေသကဲ့သို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းကို ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း၌လည်းကောင်း၊ တကောင်း-ရွှေကူ- ဗန်းမော် ကားလမ်းကို ဧရာဝတီမြစ် ၏ အရှေ့ဘက်ခြမ်း၌လည်းကောင်း၊ ကချင်ပြည်နယ်၏ ကုန်းလမ်းထွက်ပေါက် မဟာဗျူဟာကျသည့် လမ်းများအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အတူ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ် တို့ကိုလည်း အဆင့်မြှင့်တိုးချဲ့ တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယင်းလမ်းပန်း ဆက်သွယ်မှု အခြေခံကောင်းများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးမှာဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်ထား

ထို့အပြင် ကချင်ပြည်နယ်၌ မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူဦးရေများပြားပြီး အချက်အချာကျသော မိုးညှင်းဒေသ၌လည်း အလားတူ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်ပါက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ရှေ့တန်းရောက်ရှိလျက်ရှိရာ တိုင်းပြည်ကို တိုးတက်ချမ်းသာအောင်၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရေရှည်ရှင်သန်ရပ်တည်နိုင်အောင် တည်ဆောက်ထိန်းသိမ်းနိုင်မည့် စွမ်းရည်ရှိသော ပညာတတ် လူ့အရင်းအမြစ်များ လုံလုံလောက်လောက်ရှိနေရန် အမှန်လိုအပ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေး၏ အခြေခံသည် နိုင်ငံတော်နှင့်ဒေသကိုအကျိုးပြုနိုင်သည့် တတ်သိကျွမ်းကျင်သော လူ့အရင်းအမြစ်များ တိုးပွားရေးပင်ဖြစ်ကြောင်း၊ တတ်သိနားလည်သော ပညာတတ်များမရှိဘဲ တိုင်းပြည်ကိုရော၊ ဒေသကိုပါ တည်ဆောက်၍မရနိုင်ကြောင်း။

ယနေ့ ကချင်ပြည်နယ်အခြေအနေသည် အကြမ်းအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော်ဖြင့် စီးပွားရေးတိုးတက်လျက်ရှိကြောင်း၊ လူတစ်ဦးချင်းပျမ်းမျှဝင်ငွေကိုကြည့်ပါက ပြီးခဲ့သည့်နှစ်၌ ငွေကျပ် ၁၈၀၀၀၀ ခန့်ရှိနေသည်ဟု အကြမ်းဖျင်းလေ့လာတွေ့ရှိရကြောင်း။

ဆန်စပါးဖူလုံပိုလျှံ

ဆန်မလုံလောက်ခဲ့သည့် ကချင်ပြည်နယ်သည် ၁၉၉၈-၁၉၉၉ ခုနှစ်တွင် ဒေသဆန် စတင်ဖူလုံလာခဲ့ရာ ယခုဆိုလျှင် ဆန်စပါးဖူလုံပိုလျှံသောပြည်နယ်အဖြစ်ရပ်တည်ခဲ့သည်မှာ ရှစ်နှစ်ကျော်ရှိနေပြီဖြစ်ကြောင်း၊ နှစ်စဉ် စပါးစိုက်ဧကမှာလည်း ယခင်က နှစ်သိန်းခွဲကျော်ရှိရာမှ ယခုအခါ ငါးသိန်းကျော်အထိ ရှိနေပြီဖြစ်ကြောင်း။

စပါးစိုက်ပျိုး၍ရသည့် မြေအမျိုးအစားများစွာ ကျန်ရှိနေသေးရာ စပါးတိုးချဲ့စိုက်ပျိုးရမှာဖြစ်သကဲ့သို့ ဝင်ငွေကောင်းသည့် ရော်ဘာကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ထို့ပြင် ကြံကဲ့သို့သော အမယ်သစ်သီးနှံများကိုလည်းကောင်း၊ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကိုလည်းကောင်း စီးပွားဖြစ်စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

အဓိကတာဝန်

ပြည်သူများဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာအောင် မိမိတို့က ဘက်စုံမှစဉ်းစားပြီး ပံ့ပိုးအထောက်အကူပြုနိုင်ရေးသည် နိုင်ငံ့ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်ချလုံခြုံစွာ မိမိတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်နိုင်ရန်အတွက် စောင့်ရှောက်ပေးရာ၌ ပြည်သူများ၏ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူပြီး လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် နယ်မြေဒေသအဆင့်အလိုက် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ ညှိနှိုင်းပေါင်းစပ်မှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ကူညီစောင့်ရှောက်မှုတို့ဖြင့် နိုင်ငံတော်၏ကိုယ်စား လုပ်ငန်းများကို အောင်မြင်အောင်၊ တိုးတက်သည်ထက်တိုးတက်အောင် ရှေ့ဆောင်ရှေ့ရွက်ပြုနေရမှာဖြစ်ကြောင်း။

အလေးအနက်သတိထား

အုပ်ချုပ်ရေးအဖွဲ့များအပိုင်းက ပြည်သူများအပေါ် ဖိစီးမှု၊ အနိုင်အထက်ပြုကျင့်မှု၊ အရှိန်ဩဇာအာဏာပြမှု၊ မထိမဲ့မြင်မလေးမစားပြုမှု၊ ရန်ပုံငွေအမျိုးမျိုးကောက်ခံမှုတို့ကိုပြုလုပ်မိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကိုသာမက နိုင်ငံတော်အစိုးရ၏ မှန်ကန်ဖြူစင်သော စေတနာနှင့် မျှော်မှန်းချက်များကိုပင် ထိခိုက်သွားနိုင်သည်ကို အလေးအနက်သတိထားရှိရန်လိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပညာတတ်များမွေးထုတ်

ထို့ကြောင့် ကချင်ပြည်နယ်၌ မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းဒေသတို့၌ အဆင့်မြင့်ပညာတိုးချဲ့သင်ကြားနိုင်အောင် စီမံထားပြီး ဒေသအလိုက် ပညာတတ်များကို မွေးထုတ်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီဆိုပြီး ဒီမိုကရေစီနိုင်ငံတော်အမည်ခံရုံမျှဖြင့် တိုင်းပြည်သည် အလိုအလျောက်ဖွံ့ဖြိုးသွားမှာမဟုတ်သကဲ့သို့ ထိုထူထောင်လိုက်သည့် ဒီမိုကရေစီနိုင်ငံတော်သည်လည်း တည်ဆောက်သူ၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သူမရှိပါက အရှည်တည်တံ့လာမှာမဟုတ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်သည့် ပညာရည်စွမ်းအားရှိသော လူ့အရင်းအမြစ်များ ခိုင်ခိုင်မာမာရှိရန်လိုအပ်ကြောင်း။

ယခုအခါနိုင်ငံတော်က အချို့သော ဝန်ထမ်းအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်နေသကဲ့သို့ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်နယ်/တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကိုလည်း လိုအပ်သလိုပြင်ဆင်ပြောင်းလဲဖွဲ့စည်း တာဝန်ပေးလျက်ရှိကြောင်း၊ ယင်းသို့ ပြုပြင်ပြောင်းလဲရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ပို၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် နောင်အနာဂတ်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အုပ်ချုပ်ရေးပုံစံကို မျှော်မှန်း၍ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရန်တို့အတွက်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုအရည်အသွေးကို အဆင့်မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကချင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူးထံ ဆေးပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် ပြည်သူများကလည်း အုပ်ချုပ်ရေးယန္တရားပြင်ဆင်ဖွဲ့စည်းတာဝန်ပေးမှုအပေါ် မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး ပူးပေါင်းစောင့်ရှောက်ကြရန်အရေးကြီးကြောင်း၊ သို့မှသာ ပြည်သူနှင့်ပြည်သူ့ဝန်ထမ်း အပြန်အလှန်စောင့်ရှောက်၊ အပြန်အလှန် ထိန်းကျောင်းနိုင်ပြီး ထက်မြက်သော အုပ်ချုပ်ရေးယန္တရားပေါ်ထွက်လာမှာဖြစ်ကြောင်း။

ယနေ့ ကချင်ပြည်နယ်သည် လက်နက်ကိုင်သောင်းကျန်းမှုများရှိနေသည့် မတည်ငြိမ်သောပြည်နယ် မဟုတ်တော့ကြောင်း၊ သက်ဆိုင်ရာတိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များကလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှု၏ အရသာကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ကို သိရှိနားလည်နေကြပြီဖြစ်ကြောင်း။

အားထုတ်လုပ်ကိုင်

ထို့ကြောင့် ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုဖော်ဆောင်ရန်တို့အတွက် ပြည်နယ်ရှိ ဦးစီးဦးဆောင်တာဝန်ခံများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တစ်သားတည်း၊ တစည်းတလုံးတည်း ပူးပေါင်း၍ လုပ်ငန်းများကို ဟန်ချက်မိမိ အားထုတ်လုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံရေးပိုင်းတိုးတက်မှုမှာ အခြေခံအကျဆုံး၊ အဓိကအကျဆုံး ဖြစ်သည်ကို နားလည်ခံယူထားကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်းများပီပီ ရေကိုသား၍အကြားမထင်သည့် စည်းလုံးညီညွတ်မှုရှိနေရမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးဖွံ့ဖြိုးမှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး တောင့်တင်းခိုင်မာ ဖွံ့ဖြိုးမည်ဖြစ်ရာ ကချင်ပြည်နယ်သည် မိမိ၏ပေါကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကို ထိထိရောက်ရောက်အသုံးချပြီး ဒေသစီးပွားရေး တောင့်တင်းခိုင်မာလာအောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကို ထောက်ခံသောအားဖြင့် ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများ မီးလင်းရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်တို့က ငွေကျပ်၇၅သိန်းစီကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး ဆောက်လုပ်ရန် ဂရင်းလိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးရုံးမှုနှင့် ဧရာပြည့်ဖြိုးကျောက်မျက်ရတနာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမန်းရွှေတို့က ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးရားဝမ်ဂျုံးအား အလှူငွေများ အသီးသီးပေးအပ်ကြသည်။ ထို့နောက် ဝန်ကြီးချုပ်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးအား ဆေးပစ္စည်းများ ပေးအပ်သည်။

ဝတ်စုံများပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်တို့က လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မြစ်ကြီးနားလေဆိပ်နှင့် ဗန်းမော်လေဆိပ်လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောက်တိုဘာ၁၈ရက် နံနက်ဖိုင်နာရီခွဲတွင် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား မှာကြားနှုတ်ဆက်သည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် အောက်တိုဘာ၁၇ရက် ညပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြား

ထို့အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ၁၇ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့၌ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများ မှာကြားသည်။ **(သတင်းစဉ်)**

(၈၆) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်း အဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၀၅ခုနှစ် (၈၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကျင်းပပြီးစီးမှု အစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်ကလည်းကောင်း၊ ၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပရေး စီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဝင်များက ကျင်းပရေး စီမံချက်ပါ လုပ်ငန်းရပ်များကို ဆွေးနွေးတင်ပြညှိနှိုင်းကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှောင့်ပူးသော်

* East or West
Home is the best
ချင့်တွက်ဝေဖန်၊ နိုင်ငံတကာ
ဘယ်ရွာဘယ်ရပ်၊ ခိုကပ်နေနေ
ကိုယ့်မြေကိုယ့်ရေ၊ ကိုယ့်ဆွေကိုယ့်မျိုး
ဝန်းကျင်မျိုးသာ၊ အကောင်းဆုံးပါ။

* လူသည်ထို့ကြောင့်
အမှောင့်မပူး၊ စိတ်မရူးလျှင်
ထိုစိတ်ကူးသာ၊ ရှိတတ်ပါ၏။

* အမှောင့်တွေပူး၊ စိတ်ထွေရူးသော်
မတော်၏လော၊ တော်၏လောဟု
စောကြောခြင်းငှာ၊ မစွမ်းသာဘူး
ဆွေညာကိုတောင်၊ ပြောင်ပြောင်ရဲရဲ
လူပုံထဲမှာ၊ ပြန်ဆဲနိုင်က
ဂုဏ်ရှိစွဟု၊ စိတ်ကမှတ်ထင်
လုပ်ချင်တတ်တာ၊ ဓမ္မတာ။ ။

မိုးဝ

ရေဘေးသင့်၍ နေရာရွှေ့ပြောင်းနေထိုင်လျက်ရှိသူများအား လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရန်ကုန် အောက်တိုဘာ ၂၀

အောက်တိုဘာ ပထမပတ်အတွင်း တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြောင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၌ နေရာအနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြစ်ချောင်းများ၌ ရေလျှံတက်၍ အနိမ့်ပိုင်းကျသော နေရာအချို့၌ ရေဝင်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရာသီဥတုသတင်းကို ကြိုတင်အသိပေးနိုင်ပြီး ရေဝင်ရောက်သည်နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်း၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နယ်မြေလူထုပူးပေါင်း၍ ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး လိုအပ်သော ကူညီစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့သည် အောက်တိုဘာ ၁၃ ရက်တွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ရေဝင်ရောက်မှုကြောင့် နေရာရွှေ့ပြောင်း နေထိုင်လျက်ရှိသူများအား သွားရောက်တွေ့ဆုံအားပေးပြီး တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဒေသခံစေတနာရှင်များက စုပေါင်းလှူဒါန်း ငွေကျပ် ၄၃၂ သိန်းနှင့် ဆန် ၃၆၇ တင်းတို့ကို ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရသူများအတွက် ကူညီထောက်ပံ့ ပေးခဲ့ကြပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းကလည်း နယ်မြေအတွင်း ကွင်းဆင်း၍ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဝိုင်းဝန်းဆောင်ရွက်

မိုးရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဇော်ဂျီရေလှောင်တမံ၊ ကင်းတားရေလှောင်တမံ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ငပြောင်ရေလွှဲဆည်တို့တွင် ရေဝင်ရောက်မှုကြောင့် ရေပိုလွှဲမှ ရေကျော်ခဲ့ပြီး၊ ကြက်မောက်တောင် ရေလှောင်တမံ၊ သဖန်းဆိပ်ရေလှောင်တမံတို့၌ ရေပြည့်လုနီးပါး ဝင်ရောက်ခဲ့ကြောင်း၊ ရွာသွန်းသည့်မိုးကြောင့် ဆည်ကန်များအတွင်း ရေဝင်ရောက်ပြီး၊ ဆည်ကန်များ ကျိုးပေါက်မှုမရှိသည့်အတွက် အနိမ့်ပိုင်းသို့ စီးဝင်မည့်ရေများကို ထိန်းသိမ်းထားနိုင်မှုကြောင့် အနိမ့်ပိုင်းသို့ ရေဝင်ရောက်မှုလျော့ပါး စေခဲ့ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကို တိုးမြှင့် ဆောင်ရွက်ပေးနိုင်သည့်အပြင် ဆည် ရေသောက်ဧရိယာများအတွက် ရေ အပြည့်အဝ သိုလှောင်ထားနိုင်သည့် အခြေအနေကောင်းများ ရရှိခဲ့ကြောင်း၊ စိုက်ခင်းများအတွင်း ရေဝင်ရောက်ရာတွင် ကျောက်ဆည်ခရိုင်သည် အများဆုံးဖြစ်ပြီး သီးနှံစိုက်ဧကခြောက်သောင်းကျော် ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ရေများစတင်ကျဆင်းလျက်ရှိနေပြီဖြစ်ကြောင်း၊ စိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုကြောင့် စပါးဧက ၈၀၀၀ ကျော်နှင့် အခြားသီးနှံဧက ၃၀၀၀ ခန့် ပျက်စီးမည်ဟု ခန့်မှန်းထားပြီး သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၊ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် တစ်နိုင်ငံလုံး၌ မိုးစပါး ၁၆ ဒသမ ၈ သန်းကျော် စိုက်ပျိုးထားရှိပြီး နွေစပါး ၃ ဒသမ ၃၄ သန်း စိုက်ပျိုးရန် လျာထားသည့်အတွက် မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးသော စပါးစိုက်ဧက ၈၀၀၀ ကျော်သည် တစ်နိုင်ငံလုံး စိုက်ဧက၏ ဒသမ ဝ၄ ရာခိုင်နှုန်းခန့်သာရှိ၍ နိုင်ငံ၏ စပါးစိုက်ပျိုး ထုတ်လုပ်မှုကို ထိခိုက်နိုင်ခြင်းမရှိကြောင်း၊ မိုးရွာသွန်းမှု မရှိတော့သည့်အတွက် ရေပြန်လည်ကျဆင်းနေသည့် စပါးခင်းများအတွင်း စပါးပင်များတွင် ကပ်ငြိနေသည့် နွံနှင့်နုန်းများကို ရေဖြင့်ပက်ဖျန်း၍ ဆေးကြောခြင်း၊ ရေကျဆင်းသည့် နေရာများ၌ ရေတွင်း၊ ရေကန်များ သန့်ရှင်းခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းတို့ကို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များက နယ်မြေလူထုနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ကျန်ဒေသများ၌လည်း အလားတူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမေရိကန်က မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန်ရည်ရွယ် ပြစ်တင်ဝေဖန်နေခြင်းသည် တရားမျှတမှုမရှိဟု မိမိတို့အဖွဲ့အစည်းကခံယူ

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရှွေပြည်အေး)က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရှွေပြည်အေး)၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်

၁။ အမေရိကန်နိုင်ငံအစိုးရ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြတောင်းဆိုမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် မြန်မာနိုင်ငံအခြေအနေအား ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာနိုင်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကို အသုံးချပြီး အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်စွက်ဖက်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ထင်ရှားပါသည်။

၃။ ယနေ့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဖြေရှင်းနိုင်သည့် ကိစ္စရပ်များသာဖြစ်သည်ဟု မိမိတို့အဖွဲ့အစည်းအနေဖြင့်ခံယူပါသည်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်လာနိုင်စေလောက်သောအကြောင်း လုံးဝမရှိပါ။ မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာကွက်၍ ပြစ်တင်ဝေဖန်နေခြင်းသည် တရားမျှတခြင်းမရှိပါဟု မိမိတို့အဖွဲ့အစည်းအနေဖြင့် ခံယူသည်။

၄။ မိမိတို့၏ ပြည်တွင်းရေးကို မိမိတို့ပြည်သူများသာ ငြိမ်းချမ်းစွာဖြင့် လက်တွဲပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိရာ လက်တွေ့အောင်မြင်မှုများလည်း ရရှိနေပြီဟု မိမိတို့အဖွဲ့အစည်းအနေဖြင့် ယုံကြည်သည်။ ယခုအချိန်တွင်လည်း နိုင်ငံတော်အစိုးရသည် လမ်းစဉ်(၇)ရပ်ကို ချမှတ်၍ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးအတွက် လူတန်းစားအလွှာအသီးသီးနှင့်အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီလာခံသည် အတော်အသင့် ခရီးရောက်နေပြီ ဖြစ်ပါသည်။

၅။ မိမိတို့အဖွဲ့အစည်းအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်သွားခြင်းကိုသာ လိုလားပါသည်။

၆။ ထို့ကြောင့် ပြည်ပမှဖြစ်သော အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာမှုအား လက်မခံကြောင်းနှင့် မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာနိုင်စရာအကြောင်း မရှိကြောင်း မိမိတို့ MTAတပ်ဖွဲ့ဝင်ဟောင်းမိသားစုများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရှွေပြည်အေး)က သဘောထားထုတ်ပြန်ပါသည်။

ဦးစိုင်းခွန်မိန်း
ဥက္ကဋ္ဌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့
MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရှွေပြည်အေး)

ကမ္ဘောဇသာမဏေကျော်များ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

'ကျော်' သည် **'တော်'**၏ ရလဒ်ဖြစ်၏။ **'တော်'**၌ အနည်းဆုံး ဉာဏ်နှင့်ဝီရိယပါရ၏။ ဉာဏ်သည် သိမြင်မှု၊ သွက်လက်မှု၊ ထိုးထွင်းမှု၊ အကန့်တိုင်း၌ စိုးမိုးမှုဖြစ်၍ ဝီရိယသည် တက်ကြွမှု၊ ဖျတ်လတ်မှု၊ အားထုတ်မှု၊ ပျင်းရိခြင်းကို ပယ်သတ်မှုဖြစ်ရာ ယင်းအရည်အသွေးတို့ကြောင့် **'တော်'** လာသူသည် **'ကျော်'** ဟု ဆိုအပ်သည့် စာပုစ္ဆာကို ကျော်ဖြတ်နိုင်ခြင်း၊ ဘဝပုစ္ဆာကို ကျော်ဖြတ်နိုင်ခြင်းတို့ဖြင့် ကျော်ကြားထင်ရှားမှု အပိုင်ရရှိလေ၏။

(ခ)

အင်းဝခေတ် စာဆိုပညာရှိ အရှင်မဟာသီလဝံသ (၈၁၅-၈၈၀) သည် သက္ကရာဇ် ၈၆၄ တွင် အကျော်ကြားဆုံး ကျမ်းတစ်စောင်ဖြစ်သည့် 'ရာဇဝင်ကျော်' ကို ရေးသားတော်မူခဲ့၏။ တည်ရှိဆဲ ရာဇဝင်အစောင်စောင်တို့တွင် တကယ်ပင်ကျော်ခဲ့လေ၏။ ငယ်မည် မောင်ဥက္ကာ၊ ရဟန်းဘွဲ့ ရှင်ဥတ္တမ (၈၁၅-၉၀၄)သည် ဉာဏ်ပညာထက်မြက်၍ လုံ့လဝီရိယ ကောင်းလှသည့်ပြင် အင်းဝ၏လူတော်၊ လူကျော်၊ လူစွာကြီးဖြစ်သော ခံတော်မောင်ကျဘမ်း၏ မာန်စွယ်ကို ချိုးပယ်နှိမ်နင်းနိုင်သဖြင့် မူရင်း ရဟန်းဘွဲ့နောက်မှာ ကျော်တစ်လုံးတိုးကာ**'သျှင်ဥတ္တမကျော်'**ဟု ယနေ့တိုင် ကျော်လျက်ရှိ၏။

တော်သူ**'ကျော်'**ပါလေ၏။

(ဂ)

ဗုဒ္ဓသာသနာ မျိုးဆက်သစ်ဖြစ်သော ကိုရင်သာမဏေများ၏ အစကနဦး မြတ်ဗုဒ္ဓမျက်မှောက်ခေတ် သာမဏေများထဲတွင် တော်၍ ကျော်သော သာမဏေကျော် အမြောက်အမြား ပေါ်ထွက်ခဲ့၏။ (၇)နှစ်သား အရွယ် ရဟန္တာသာမဏေများဖြစ်ကြသော ရှင်သံကိစ္စ၊ ရှင်သောပါက၊ ရှင်ပဏ္ဍိတနှင့် ရှင်ရေဝတတို့သည် သာမဏေကျော်(၄)ပါး အဖြစ် သမိုင်းတင်ခဲ့ကြ၏။ ၎င်းတို့အပြင် လေးနှစ်သားအရွယ် ရဟန္တာသာမဏေ ရှင်ဇေကဒီပိယ၊ ငါးနှစ်သားအရွယ် ရဟန္တာသာမဏေများ ရှင်ပဒုမ၊ ရှင်စန္ဒနမာလိယနှင့် ရှင်ပဥ္စသီလ သမာဒါနိယတို့သည်လည်း အသက် အငယ်ဆုံး ရဟန္တာများအဖြစ် သမိုင်းဝင်ကျော်ခဲ့ကြကုန်၏။

ယင်းနည်းတူ ပရိယတ္တိသာသနာသမိုင်းမှာလည်း ငယ်စဉ်သာမဏေဘဝကတည်းက တော်၍ ကျော်ခဲ့သလို နောင်တွင် စာချဆရာတော်အဖြစ်၊ နာယကဆရာတော်အဖြစ် တစ်သက်တာ ကာလပတ်လုံး ကျော်စောထင်ရှားတော်မူကြသည့် ထေရ်အရှင်မြတ်များ အများအပြား ပေါ်ထွက်လျက်ရှိနေပါသည်။

(ဃ)

သာသနာ့သမိုင်းထဲမှာ အရှင်ကျော်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရအောင် သမိုင်းစဉ်ဆက် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများက ကြောင့်ကြမဲ့ နေတော်မမူကြဘဲ ထာဝရ ဦးဆောင်ကြိုးပမ်းလျက်ရှိတော်မူကြသကဲ့သို့ မင်းနှင့် ပြည်သူတို့ကလည်း ကြည်ဖြူသဒ္ဓါ စေတနာ မြင့်မောက် ပံ့ထောက်ကူပင့်လျက်သာ ရှိနေကြကုန်၏။

သာသနာသုံးရပ်တွင် ရင်းမြစ်မူလဖြစ်သည့် ပရိယတ္တိသာသနာဟူသော ပညာရေးကဏ္ဍ၌ သာသနာ့မျိုးဆက်သစ် သာမဏေများအတွက် မူလသင်ရိုးများအပြင် ပညာရည်ပိုမိုမြင့်မားရေး ရည်မှန်းကာ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းကြီးက ၁၃၁၁ခုနှစ်တွင် စတင်လျက် ကျင်းပပေးခဲ့သည့် **'သာမဏေကျော်စာမေးပွဲ'**၏ အရှိန်အဟုန်ကြောင့် မန္တလေးသာမဏေကျော်များစွာ ပေါ်ထွက်ခဲ့သည့်ပြင် နောင်တွင် ရန်ကုန်သာမဏေကျော်၊ ပဲခူးသာမဏေကျော်များ ပေါ်ထွက်လာသည်သာမက ယခုဆိုလျှင် ရှမ်းပြည်နယ်၌ ကမ္ဘောဇသာမဏေကျော်များပင် ထွန်းပေါ်လင်းလက်လာနေပါပြီ။

သာမဏေကျော်စာမေးပွဲဖြင့် သာမဏေကျော်များကို ရွေးချယ်စံတင်နိုင်ရန် ကမ္ဘောဇဒေသ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ နေလသဖွယ် ထင်ရှားတော်မူကြသည့် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ မြော်မြင်တွေးဆ လုံ့လပြုတော်မူခဲ့ကြသည်မှာ ၁၀ စုနှစ် ကျော်ခဲ့ပါပြီ။ ပဓာနကဏ္ဍမှ ဦးဆောင်တော်မူသော ဆရာတော်ကြီးမှာ တောင်ကြီးမြို့ သိမ်တောင်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဆန္ဒာဓိက မဟာထေရ်မြတ်ဖြစ်ပြီး ယခုအခါ ဘဝနတ်နန်း စံမြန်းတော်မူလျက်ရှိသည့် ရွှေကျင်သာသနာပိုင် ညောင်ရွှေမြို့ကန်ကြီး ဆရာတော်ကြီးကလည်း အနီးကပ် စောင့်ရှောက်တော်မူခဲ့ပါ၏။ ယင်းအပြင် ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူဆရာတော် နိုင်ငံတော် ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာဘိဝံသ၊ အင်းလေးရွာမ ရွှေဘုံသာ ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ၊ ပင်လုံမင်္ဂလာ မွေတော် ဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ မဟာထေရ်မြတ်တို့က ဩဝါဒါစရိယ ဆရာတော်ကြီးများ အဖြစ် လည်းကောင်း၊ တောင်ကြီးမြို့ အောင်မြေသာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ညောင်ရွှေမြို့လှိုင်ကြူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟိန္ဒ၊ တောင်ကြီးမြို့ စွန်းလွန်းဂူဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ၊ ဆီဆိုင်မြို့ ဇဝနာရာမ ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ တောင်ကြီးမြို့ မြို့ဦးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုန္ဒက၊ အေးသာယာမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသိယ၊ လွိုင်လင်မြို့ သာသနဝိပုလဓာတ်တော်ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာနန္ဒ၊ တောင်ကြီးမြို့ တပ်ဦးဥတ္တရာရုံ ဆရာတော် ပြည်နယ် သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသိရီစသော မထေရ်မြတ် ၁၈ပါးတို့က နာယကဆရာတော်များအဖြစ် လည်းကောင်း ကမ္ဘောဇသာမဏေကျော် ထွန်းပေါ်တောက်ပလာရေး အားပေးပံ့ကူညီကြပါကုန်၏။

ဆရာတော်များဘက်မှ ဖော်ပြပါအတိုင်း ပြိုင်းရရိုင်း ကြွားရရှားအင်အား အပြည့်အဝ အနုဂ္ဂဟမြှောက် ပံ့ထောက်တော်မူကြသကဲ့သို့ ဒကာတော်များဘက်ကလည်း ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ဖြိုင်ဖြိုင်ဖြိုးရွှာ စေတနာဖြင့် အားသာစွာပံ့ထောက် ချီးမြှောက်ပံ့ပိုး ပေးလျက်ရှိသည့်ပြင် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းရှင်စီးပွားရှင် စေတနာရှင်များ၊ သာသနာတော်ကို ကြည်ညိုလေးမြတ်ကြသည့် အရပ်ရပ်အနယ်နယ်မှ သဒ္ဓါကြွယ် ပြည်သူများအပါအဝင် ကမ္ဘောဇ သာမဏေကျော်စာမေးပွဲ ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွန်ကြိုင်၊ ဒုတိယဥက္ကဋ္ဌများ ဦးတင့်ဆွေ၊ ဦးစိန်တင့်၊ ဦးသန်းညွန့်၊ အတွင်းရေးမှူး ဦးထွန်းအေးလေး၊ တွဲဖက်အတွင်းရေးမှူးများ ဦးဖေဝင်း၊ ဦးမောင်မောင်မြင့်တို့ ဦးဆောင်သည့် တောင်ကြီးမြို့ မြို့လယ် ဓမ္မာရုံဂေါပက အဖွဲ့ကလည်း တက်ကြွညီညာ စုစည်းစွာဖြင့် ပစ္စယာနုဂ္ဂဟ ပြည့်ဝစေရေး အားပေးကြိုးပမ်းလျက်ရှိကြပါကုန်၏။

ယင်းသို့ ဆရာ၊ ဒကာညီညွတ်စွာဖြင့် သာသနာအရေး အားပေးနိုင်ကြခြင်းကြောင့် လွန်ခဲ့ပြီးသောရှစ်နှစ် ၁၃၆၁ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၃ရက်(၆-၁၁-၁၉၉၉)တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံကြီး၌ ပထမအကြိမ်အဖြစ် ကမ္ဘောဇသာမဏေကျော် စာမေးပွဲကို စတင်ကျင်းပနိုင်ခဲ့ကာ ဆက်လက်၍ နှစ်စဉ်မပျက် ကျင်းပလာနိုင်ခဲ့ပြီး ကုန်လွန်ခဲ့သောနှစ်ဝယ် သတ္တမအကြိမ်အဖြစ် အောင်မြင်စွာ ကျင်းပလာနိုင်ခဲ့လျက် ယင်းခုနစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ် အပါအဝင် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ သာမဏေများ ဝင်ရောက် ဖြေဆိုအောင်မြင်နေသည်မှာ တစ်နှစ်ထက်တစ်နှစ် ပို၍တိုး၍ မြင့်မားလာနေလေ၏။ ခုနစ်နှစ်တာ စာရင်းချုပ်အရ ပထမအဆင့်၌ သာမဏေ ၅၇၈ပါး၊ ဒုတိယအဆင့်၌ သာမဏေ ၁၅၆ပါးနှင့် တတိယအဆင့် အောင်မြင်သဖြင့် ကမ္ဘောဇသာမဏေကျော်ဘွဲ့ရ ၂၈ပါးရှိပြီဖြစ်ကြောင်း နှစ်ထောင်းအားရဖွယ် မှတ်တမ်းတင်နိုင်ကြပါပြီ။

ဤတွင် စာမေးပွဲဝင် သာမဏေများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဇွဲလုံ့လဝီရိယတို့ကို သုံးသပ်၍ စာမေးပွဲအတိမ်အနက် ဆုံးဖြတ်နိုင်ရန် အလို့ငှာ ပြဋ္ဌာန်းကျမ်းစာများနှင့် ဖြေဆိုနည်းစနစ်တို့ကို တင်ပြပါမည်။

၁။ ဝိနည်းငါးကျမ်း၊ ပါဠိတော်ငါးအုပ်၊ စာမျက်နှာ (၂၂၀၀)
၂။ အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း၊ ပါဠိတော်သုံးအုပ်၊ စာမျက်နှာ(၁၆၅၁)
၃။ ဓမ္မပဒအဋ္ဌကထာ နှစ်အုပ်၊ စာမျက်နှာ (၉၃၀)

စုစုပေါင်း ဆဋ္ဌမူပိဋကတ်ဆိုက် စာမျက်နှာ(၄၇၈၁)မျက်နှာ။

ဤမျှများပြားသော စာမျက်နှာများပေါ်ရှိ ဘုရားဟောပါဠိတော်များကို နှုတ်တက်ရွရွ ကျက်မှတ်နိုင်ပြီး မြန်မာအနက်အဓိပ္ပာယ်များကိုပါ ကျေကျေညက်ညက် သိရှိရမည့်အပြင် ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်၊ အဘိဓမ္မတ္ထသင်္ဂဟ ကိုးပိုင်းနှင့် ရူပသိဒ္ဓိသဒ္ဒါကျမ်းများလာ ဝိဘတ္တိပိုင်း၊ ဒသဓနပိုင်းများ ကျွမ်းကျင်ကျေညက်မှသာ ဝင်ရောက်ဖြေဆိုနိုင်မည့် စာမေးပွဲ ဖြစ်၏။ **များပြားလွန်းသော ပြဋ္ဌာန်းချက် ကျမ်းစာများ၏ ပမာဏနှင့်လျော်ညီစွာ အဆင့်သုံးဆင့်၊ နှစ်သုံးနှစ်ခွဲခြားဖြေဆိုရပြီး ပထမဆင့်၊ ပထမနှစ်ကို အာဂုံရော ရေးဖြေပါ အောင်မြင်လျက် ဒုတိယဆင့်၊ ဒုတိယနှစ်ကို ထို့အတူ ဖြေဆိုအောင်မြင်ကာ တတိယဆင့်၊ တတိယနှစ်ကို ဆက်လက်ဖြေဆို အောင်မြင်ပြီးပါမှသာလျှင် သာမဏေကျော် 'အလင်္ကာရဘွဲ့တံဆိပ်' ဆက်ကပ်ခံယူရရှိမည်** ဖြစ်၏။

ယင်းသာမဏေကျော်ဘွဲ့ ခံယူပိုင်ဆိုင်ပြီးပါသော် မိမိ၏ ဥပဇ္ဈာယ်ဆရာတော်က ပေးအပ်ထားသည့် မူလဘွဲ့နာမနောက်ဝယ် **'အလင်္ကာရ'** ကို ဆက်တွဲ သုံးစွဲပိုင်ခွင့် ရရှိ၏။ ဥပမာ-မိမိ၏မူလဘွဲ့နာမမှာ **'ဉာဏ'** ဖြစ်လျှင် **'အလင်္ကာရ'**ကို ဆက်တွဲကာ (ပါဠိသဒ္ဒါစနစ်အရ) **'ဉာဏာ လင်္ကာရ'**၊ မိမိဘွဲ့နာမမှာ **'နေမိန္ဒ'**ဖြစ်လျှင် သာမဏေကျော်ဘွဲ့ရပြီးပါက **'နေမိန္ဒာလင်္ကာရ'** စသည်ဖြစ်ပါသည်။ ယင်းဘွဲ့ ရရှိနိုင်သော အသက်မှာ အကြီးဆုံး အသက် ၂၀ ဖြစ်၏။ ယင်းထက်တစ်နှစ်ကြီး၍ အသက် ၂၁နှစ်ထဲ ဝင်သွားလျှင် သာမဏေကျော်ဘွဲ့ မရနိုင်တော့ချေ။

ငယ်စဉ်က သာမဏေဘဝကို လှပအောင် တန်ဆာဆင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ငယ်စဉ် သာမဏေဘဝကတည်းက အချိုးကျခဲ့မှသာ ကြီးပြင်းလာသော ရဟန်းဘဝဝယ် စာချကျော်၊ တရားပြကျော်၊ နာယကကျော်အဖြစ် တော်၊ ကျော်၊ တတ်၊ မြတ်လျက် သုံးရပ်သာသနာကို ဆက်ကာဆက်ကာ တောက်ပစွာ လက်ဆင့်ကမ်းနိုင်ပါမည်။

ခုနစ်နှစ်တာကာလအတွင်း ကမ္ဘောဇသာမဏေကျော်များ ၂၈ပါးအထိ ပေါ်ထွန်းလာပြီဖြစ်ရာ နောင်ကာလများတွင်မူ ယခု ၂၈ပါးက နောက်ထပ် အပါး ၂၈၀၊ ၂၈၀၀ အထိ ဖွားမြင်သန့်စင်ပေးနိုင်ပါလိမ့်မည်။

(င)

ယခုနှစ် ၁၃၆၈ တွင် (၈)ကြိမ်မြောက်အဖြစ် ကမ္ဘောဇသာမဏေကျော် စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့်ကျော် ၇ ရက် (၁၃-၁၀-၂၀၀၆) နံနက် ၉ နာရီအချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သာသနာ့ကျက်သရေဆောင် အတုလမာရဇိန် ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ ပင်မခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယက ဆရာတော်ကြီးများ၊ ပုစ္ဆက (ပုစ္ဆာထုတ်) ဆရာတော်ကြီးများ၊ စာစစ် ဆရာတော်ကြီးများ၊ စာထောက် စာမဆရာတော်များနှင့် အဆင့်အလိုက်၊ နှစ်အလိုက်ဖြေဆိုကြမည့် စာဖြေသာမဏေများ စုံညီစွာကြွရောက်တော်မူကြသကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင် အမှူးပြုသော စစ်ဘက်၊ နယ်ဘက် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝတ်အဖွဲ့များ၊ ဝေယျာဝစ္စအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြည်ညိုကြပါသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက သာသနာရေးဆိုင်ရာ လျှောက်ထား၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစွန်ကြိုင်က စာမေးပွဲဆိုင်ရာ လျှောက်ထားပြီး အာဂုံဖြေဆိုကြမည့် သာမဏေများအား ပုစ္ဆက ဆရာတော်ကြီးများက နှုတ်မေးစစ်ဆေးမေးမြန်းတော် မူကြပါသည်။ အာဂုံနှုတ်ဖြေအောင်မြင်ပြီးပါမှ နောက်ရက်များတွင် ရေးဖြေ ဖြေဆိုကြရပါသည်။

စာမေးပွဲကာလမှာ ရက်သတ္တ တစ်ပတ်သတ်မှတ်ထားပြီး နှုတ်ဖြေနှစ်ရက်၊ ရေးဖြေသုံးရက်၊ အောင်စာရင်းထုတ်ပြန် တစ်ရက်နှင့် နောက်ဆုံးရက်မှာ ဘွဲ့နှင်းသဘင်အခမ်းအနားဖြစ်ပါသည်။ ယင်းအခမ်းအနား၌ အလင်္ကာရဘွဲ့ အောင်ပန်းဆင်ကြမည့် ကမ္ဘောဇသာမဏေကျော်များ ထွက်ပေါ်လာမည်မှာ ယုံမှားဖွယ်မရှိပါ။

သို့ဖြင့် ကမ္ဘောဇသာမဏေကျော်များသည် အခြားသောနောင်တော်၊ ညီတော် သာမဏေကျော်များဖြစ်သည့် မန္တလေးသာမဏေကျော်၊ ရန်ကုန်သာမဏေကျော်၊ ပဲခူးသာမဏေကျော်များနှင့် အတူတကွ လှပဝံ့ဝင့် မြင့်ထက်မြင့် အတင့်တယ်ဆုံး ရဟန်းဘဝသို့ တက်လှမ်းကြကာ ဗုဒ္ဓသာသနာ ရှည်ကြာခိုင်ခံ့ တည်တံ့ပြန့်ပွားရေးအပါအဝင် မိမိဒေသ၊ မိမိနိုင်ငံအကျိုးကိုပါ ဆတက်ထမ်းပိုး အားကုန်နှိုးရင်း အမျိုးဘာသာ သာသနာ ကဲသာမြင့်မား စွင့်စွင့်ကားအောင် ကြိုးစားနေကြရမည်ဖြစ်ပါသတည်း။ ။

များပြားလွန်းသော ပြဋ္ဌာန်းချက်ကျမ်းစာများ၏ ပမာဏနှင့်လျော်ညီစွာ အဆင့်သုံးဆင့်၊ နှစ်သုံးနှစ် ခွဲခြားဖြေဆိုရပြီး ပထမဆင့်၊ ပထမနှစ်ကို အာဂုံရော ရေးဖြေပါ အောင်မြင်လျက် ဒုတိယဆင့်၊ ဒုတိယနှစ်ကို ထို့အတူ ဖြေဆိုအောင်မြင်ကာ တတိယဆင့်၊ တတိယနှစ်ကို ဆက်လက်ဖြေဆို အောင်မြင်ပြီးပါမှသာလျှင် သာမဏေကျော် "အလင်္ကာရဘွဲ့တံဆိပ်" ဆက်ကပ်ခံယူရရှိမည်။

ပြည်သူအတွက်လိုအပ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများ အလေးချိန်ခွင်မှန်ကန်စွာဖြင့် သန့်ရှင်းသပ်ရပ်စွာရောင်းချ ပြင်ပဈေးနှုန်းထက် သက်သာစွာဝယ်ယူစားသုံးနိုင်ရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းအတွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈)ရပ်ကွက် ရာဇာဓိ

ရာဇ်လမ်းနှင့် ပြည်ထောင်စုလမ်းထောင့်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး **(အပေါ်ပုံ)**များသို့ သွားရောက်၍ ဈေးများအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မြို့နယ်နှင့်ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ကြက်ဥ၊ ကြက်သားနှင့်ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဗဟိုစံပြငါးဈေး၊ "ငွေပင်လယ်" "M.M.G Jetty"မြန်မာမန်းစသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီများနှင့် ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများ၏ ကြက်ဥ၊ ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ဝက်သား၊ ရေချိုငါး၊ ရေငန်ငါးမျိုးစုံ၊ ပုစွန်၊ နို့နှင့် နို့ထွက်ပစ္စည်းအရောင်း ဆိုင်များ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့် သမဝါယမအသင်းများ၏ လူသုံးကုန်၊ စားသုံးကုန်နှင့် မီးဖိုချောင်သုံး ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်သည့် အခြေခံစားသောက်ကုန်၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများကို အလေးချိန်ခွင် မှန်ကန်စွာဖြင့် သန့်ရှင်းသပ်ရပ်စွာရောင်းချကြရန်နှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များက အခွန်အခ ပေးစရာမလိုဘဲ တိုက်ရိုက်လာရောက်ရောင်းချ ကြခြင်းဖြစ်၍ ပြည်သူများ ပြင်ပဈေးနှုန်းထက် သက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မိဘများဖြစ်ကြသော ဦးကောက်-ဒေါ်ရှုတင် နှင့် ကွယ်လွန်သူ ဒေါက်တာ ခင်စန်းမြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော် မြို့နယ် ၁၄လမ်း၊အမှတ် ၁၉နေ ဒေါ်စန်းစန်းမြင့်၊ဒေါ်ခင်ခင်လေး၊ ဦးဝင်းမြင့်-ဒေါ်အေး အေးမြင့်၊ ကိုဝင်းမောင်၊ ကိုဝင်းလှိုင်၊ မောင်ထွန်းနိုင်၊ မောင်အောင်ကျော် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်ဆယ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း ပြည်နယ်/ တိုင်းအလိုက် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ တင်ပြ

နေပြည်တော် အောက်တိုဘာ ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ရုံးအမှတ်၂၃ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်၊ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေအောင်၊ ဦးစီးဌာနနှစ်ခုမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများ၊ အထူးခရိုင်ဦးစီးဌာနမှူး များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဝန်ကြီးဌာန၏ GOS မဏ္ဍိုင်ပြု စွမ်းဆောင်ရေးအဆင့်မြင့်တင်ရေး စီမံချက်ပြုစုခဲ့ပုံ တင်ပြခြင်းနှင့် ဝန်ကြီးရုံးအဆောက်အအုံတွင် MPTမှ Fiber Network Connection: ကိုချိတ်ဆက်၍ Internet/Intranetအသုံးပြုပြီး ဝန်ကြီးရုံးနှင့် ဦးစီးဌာနနှစ်ခုတို့ကြား LIN/WAN စနစ်ချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ GOSမဏ္ဍိုင်ပြု စွမ်းဆောင်ရည်အဆင့် မြှင့်တင်ရေးစီမံချက်အရ အဓိက လုပ်ငန်းကြီးသုံးရပ်ဖြစ်သော လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားလုပ်ငန်းနှင့် ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းများ၏ ၂၀၀၇ ခုနှစ် အဆင့်(၁)တွင်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ၂၀၀၈ခုနှစ် အဆင့်(၂)တွင် ဆောင်ရွက်မည့်လုပ်ငန်းများအား သက်ဆိုင်ရာပြည်နယ် တိုင်းများမှ လိုအပ်သည့်အခြေခံ အဆောက်အအုံများဖြစ်သည့် တယ်လီဖုန်း၊ လျှပ်စစ်မီး၊ အဆောက်အအုံနှင့် လူ့စွမ်းအား အရင်းအမြစ်များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားနိုင်ရန် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် e-Entranceလုပ်ငန်းစတင်ဆောင်ရွက်နေသည့် (တာချီလိတ်၊ ကော့သောင်း၊ မူဆယ်၊ မြဝတီ) ဝင်/ထွက်ဂိတ်တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားလုပ်ငန်းများအားလည်းကောင်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းများအားလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်နယ်၊ တိုင်း၊ ဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ဝန်ကြီးက တင်ပြချက် တစ်ခုချင်းအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် အထက(၅) မိဘဆရာအသင်းစည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ရက် နံနက် ၈နာရီက ရန်ကုန်တပ်နယ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် မိဘဆရာအသင်း အမှုဆောင်သစ်များ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အတွက် အလှူငွေများကို မိဘဆရာအသင်းနာယကနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကက လည်းကောင်း၊ မိဘဆရာအသင်းအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာကြီးကလည်းကောင်း လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား မိဘဆရာအသင်းနာယကနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဗိုလ်မှူးချုပ်မြင့်စိုး**(ဝဲပုံ)**၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၁၆ရက်က အလှူရှင် ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အမှတ် (၃၅)နေ ဒေါက်တာဦးတင်၏သမီးဒေါက်တာ ဒေါ်လှစိန်မိသားစုက ရန်ကုန် ဗဟိုအမျိုးသမီး ဆေးရုံကြီးသို့ မြင်းကောင်ရေ (၁၅)ကောင်အားရှိ ရေမြှုပ်ပန့်တစ်စုံနှင့် Air˚Sep သုံးစုံအတွက် အလှူငွေကျပ် ၅၂၅၀၀၀၀ ကို ဆေးရုံအုပ်ကြီးဒေါက်တာဦးရွှေအိုးထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲ (နောက်ဆုံးနေ့)ဆက်လက်ကျင်းပ မကွေးတိုင်းကိုယ်စားပြု ဦးကျော်စိုးမင်းနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ပဥ္စမနေ့(နောက်ဆုံးနေ့)အဖြစ် ယှဉ်ပြိုင်ကြရာ မကွေးတိုင်းကိုယ်စားပြု ဦးကျော်စိုးမင်းနှင့် အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီးယှဉ်ပြိုင် တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် **(အပေါ်ပုံ)**၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်ဇနီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်သို့ လေ့လာရန်ရောက်ရှိနေသော တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ပျဉ်းမနား ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရေဆင်းတက္ကသိုလ်နယ်မြေရှိ ဝန်ထမ်းများနှင့်မိသားစုများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပြိုင်ပွဲအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးတင်ထွန်းဦးနှင့် အဖွဲ့က အမှတ်ပေးအကဲဖြတ်ကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်းကြီးအဖြစ် ဦးကျော်စိုးမင်း၊ မဒီဒေဝီအဖြစ် ယဉ်ယဉ်မြင့်(ခ)ရွှေစန်း၊ ဇူဇကာပုဏ္ဏားအဖြစ် ဦးစိုးကြီး၊ ဇာလီအဖြစ် မောင်မြင့်မြတ်အောင်၊ ကဏှာဇိန်အဖြစ် မငုဝါစိုး၊ သိဥ္စည်းမင်းကြီး အဖြစ် ရွှေမြိုင်တင်ဝင်း၊ ဖုသတိမိဖုရားအဖြစ် ဒေါ်ချိုမာလွင်တို့က စိန်ငွေဝင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ယှဉ်ပြိုင် ဖျော်ဖြေတင်ဆက်ကြသည်။

အခမဲ့ကြည့်ရှုနိုင်

အောက်တိုဘာ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် လာရောက် ကြည့်ရှုအားပေးကြသော ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရုပ်သေး"သဒ္ဒါသုမနဇာတ်တော်ကြီး" မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲတွင် ရုပ်သေး"သဒ္ဒါသုမန ဇာတ်တော်ကြီး"ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၁ရက်**(ယနေ့)**တွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကောင်းဆုတောင်းပြည့်စေတီ မသိုးသက်နန်းဆက်ကပ်ပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျိုက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား (ပထမ)အကြိမ်မြောက် မသိုးသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၁၄ရက် (နိုဝင်ဘာ ၃ ရက်)ည ၈ နာရီတွင် ဘုရားကြီးဝင်း ဗုဒ္ဓဝေယျာဝစ္စအသင်း တန်ဆောင်းတော်ကြီးအတွင်း၌ ယှဉ်ပြိုင်ရက်လုပ်ပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး မုခ်လေးမုခ်တွင် သီတင်းသုံးစံပယ်တော်မူကြကုန်သော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့အား ဆက်ကပ်ပူဇော်မည်ဖြစ်ပါသည်။ အထူးအစီအစဉ်အဖြင့် မသိုးသင်္ကန်းတစ်စုံအား ပြည်ရွှေဘုံသာမုနိ ရုပ်ရှင်တော်မြတ်အား အချိန်မီသွားရောက်ပူဇော်ရန် ရည်မှန်းပူဇော်ထားပြီးဖြစ်၍ သဒ္ဒါကြည်လင် ပါရမီရှင်များ ဂေါပကရုံး မိုးကောင်းဆုတောင်းပြည့်စေတီတော်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၀-၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"**(အပိုင်း-၂၁) (ဇာတ်သိမ်းပိုင်း)
- ၁၃:၄၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၃:၅၀ ၈။ **"ပန်းပွင့်ပုံပြင်"** ညီထက်နိုင်၊ မင်းညီ၊ ဆုပန်ထွာ၊ အိအိသန့် (ဒါရိုက်တာ-သက်တင်)
- ၁၄:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၀ ၁၀။ **"မမြင်ကွယ်ရာ"** မောင်မောင်မျိုးသန့်၊မတူး၊ မောင်မောင်မြင့် (ဒါရိုက်တာ-စိုးဟိန်း မန်းတက္ကသိုလ်)
- ၁၄:၄၅ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဆိုပြိုင်ပွဲ
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇:၂၅ ၈။ မြင်းခြံနုနုလွင်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၁၇:၄၀ ၉။ **"ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ"** လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ကင်းကောင်၊စိုးမြတ်နန္ဒာ၊လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ
- ၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယောမန်ဆောင်းရဲ့နေ့ရက်များ"** (အပိုင်း-၁၇)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၂၉)

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆၌ ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များအသင်း၏ ပြသမည့် ပြခန်းများနှင့်ပတ်သက်၍ အတွင်းရေးမှူး ဦးခင်ကိုလတ်က ဤသို့ရှင်းလင်းပြောကြားခဲ့သည်။

(ဓာတ်ပုံ-မြန်မာ့အလင်း)

❐ ကျောဖုံးမှ

ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များ ပါဝင်သော ပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆၌ ပရိဘောဂ လုပ်ငန်းရှင်များအစုအဖွဲ့၏ ပြသရန် စီစဉ်ထားရှိမှုအနေအထားနှင့် ပတ်သက်၍ သိရှိနိုင်ရန် ပရိဘောဂလုပ်ငန်းရှင်များအစုအဖွဲ့မှအတွင်းရေးမှူး ဦးခင်ကိုလတ်အား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

အသင်းဝင်ဆိုင်ပေါင်း

ရှေးဦးစွာ အတွင်းရေးမှူး ဦးခင်ကိုလတ်အား ပါဝင်ပြသရန် စီစဉ်ထားရှိမှု အခြေအနေကို မေးမြန်းရာတွင် "မြန်မာ့ကျွန်းသစ်၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများကို ရှေးကထက်ကမ္ဘာကပိုမိုသိရှိလာရေး၊ တိုးတက်လာသည့် ကမ္ဘာ့ပရိဘောဂဈေးကွက်အတွင်း၌ မြန်မာ့ပရိဘောဂပစ္စည်းများ ပိုမိုနေရာရရှိလာရေးအတွက် အဓိကရည်ရွယ်ပြသခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းအောက်၌ ပရိဘောဂလုပ်ငန်းရှင်များအစုအဖွဲ့ကို ဖွဲ့စည်းထားကြောင်း၊ မိမိတို့ ပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့အနေဖြင့် အသင်းဝင်ဆိုင်ပေါင်း ၁၁ ဆိုင်ဖြင့် ပါဝင်ပြသမှာဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့ပရိဘောဂများ ပြည်ပဈေးကွက်ပိုမိုရရှိရေး ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဥရောပမှ ပြင်သစ်၊ အီတလီ၊ ဂျာမနီနိုင်ငံတို့မှ ဖောက်သည်များကို လာရောက်ကြည့်ရှုရန် ဖိတ်ကြားထားကြောင်း၊ အာဆီယံပရိဘောဂစက်မှုကောင်စီ(Asean Funiture Industry Council) ကလည်း ဖိတ်ကြားပေးထားကြောင်း၊ အာဆီယံပရိဘောဂကောင်စီအစည်းအဝေးကို ပြပွဲကာလအတွင်း ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း၊ ၂၀၀၇ခုနှစ်၌ အာဆီယံပရိဘောဂကောင်စီ (AFIC)၏ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုပြပွဲကို ပြည်ပဖောက်သည်များသာမက ပြည်တွင်းကပါစိတ်ဝင်စားမှုရှိအောင် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းမှ ၁၀ရာခိုင်နှုန်းခန့်ပြသပြီး ကျန်ပြခန်းများမှာ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံခြားကုမ္ပဏီပြခန်းများဖြစ်ကြောင်း၊ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ကုမ္ပဏီများလာရောက်ပြသကြမည်ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ပိုမိုအကျိုးများနိုင်

ပြသသွားမည့် ပရိဘောဂပစ္စည်းများနှင့်ပတ်သက်၍ အတွင်းရေးမှူး ဦးခင်ကိုလတ်က ပြောကြားရာတွင် "ယခုပြပွဲ၌ အိမ်တွင်း ပရိဘောဂ (Home Furniture) အပြင် ဥယျာဉ်အလှဆင် ပရိဘောဂ (Garden Furniture) ကိုပါ ပြသသွားမည်ဖြစ်ကြောင်း၊ အိမ်တွင်း ပရိဘောဂများအနေဖြင့် ဧည့်ခန်းသုံး၊ အိပ်ခန်းသုံး၊ မီးဖိုချောင်သုံးနှင့်ကြမ်းခင်းတုံး(ပါကေး)များကို ပြသမည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ကို ထိုးဖောက်ရာ၌ ကျွန်းအပြင် ကျွန်းအစားထိုးအခြား ပစ္စည်းများကို ပြသမည်ဖြစ်ကြောင်း၊ ယမနေ၊ ရင်းတိုက်၊ နှောစသည့် လူသိနည်း သစ်များ (Lesserknow Species)များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာမှ နည်းပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သစ်များ၏ ရေချိန်သိပ်သည်းဆ (Specific Gravity)ကို သတ်မှတ်ပြီး သစ်အမျိုးအမည် စုံလင်စွာဖြင့် ပြည်ပဈေးကွက်ကို ထိုးဖောက်ရမှာဖြစ်ကြောင်း၊ တန်ဖိုးကြီးမားသည့် ကျွန်းသစ်ကို တန်ဖိုးမြင့် သစ်အချောထည်များ ထုတ်လုပ်တင်ပို့ခြင်းဖြင့် အကျိုးကျေးဇူးရရှိနိုင်သကဲ့သို့ ကျွန်းကိုလျှော့သုံးပြီး အခြား လူသိနည်းသစ်များကို ဈေးကွက်ရရှိရေး ဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးများလာနိုင်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆၌ ပြသမည့် သစ်အခြေခံစက်မှု သင်တန်းကျောင်း ဒီဇိုင်းသင်တန်းမှ သင်တန်းသားများ၏လက်ရာ ပရိဘောဂပစ္စည်းများကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

အထူးဈေးနှုန်း

ဆက်လက်၍ ပြောကြားရာတွင် "ယခုပြပွဲသည် ပထမအကြိမ် ပြပွဲထက် ပိုမို၍ အောင်မြင်မှုရမည်ဟု ယုံကြည်ပါကြောင်း၊ သစ်အခြေခံ စက်မှုသင်တန်းကျောင်းမှ သင်တန်းသားများ၏ ဒီဇိုင်းလက်ရာများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၄၀ ကျော်မှ ဧည့်သည်ပေါင်း ၁၀၀၀ ကျော် လာရောက် ကြည့်ရှုမည်ဖြစ်၍ ပရိဘောဂ လုပ်ငန်းရှင်များအတွက် အားတက်စရာဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း လာရောက်ကြည့် ရှုဝယ်ယူကြသူများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမှာ ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

လေ့လာသင့်

မြန်မာ့သစ်လုပ်ငန်း၏ "သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ် ထာဝရ၊ ထိန်းသိမ်းကြ"ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ့သစ်တောထွက်ပစ္စည်းများ ကမ္ဘာ့အလယ်၌ ဝင့်ထည်နိုင်ရေးကို အထောက်အကူပြုမည့် ပရိဘောဂပစ္စည်းအမျိုးအမည် စုံစုံလင်လင်ပြသမည့် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ သို့ မလွတ်တမ်း သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား အုပ်စုပွဲစဉ်များယှဉ်ပြိုင် တော့တင်ဟမ်၊ နယူးကာဆယ်နှင့် ဘလက်ဘန်းတို့နိုင်

လန်ဒန် အောက်တိုဘာ ၂၀

ယူအီးအက်ဖ်အေဖလား အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင် ကစားခဲ့ကြရာ ပရီမီယာလိဂ်အသင်းများ ဖြစ်ကြသည့် ဘလက်ဘန်း၊ နယူးကာဆယ်နှင့် တော့တင်ဟမ်အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

ဝစ်ဆလာကရာကော–ဘလက်ဘန်း

အုပ်စု(င)မှ ဘလက်ဘန်းအသင်းသည် ပိုလန်မှ ဝစ်ဆလာကရာကောအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘလက်ဘန်းအသင်းအတွက် အနိုင်ဂိုးကို ပွဲသိမ်းချိန်တွင် ဘန့်တလေကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သွင်းယူ

ဘန့်တလေသည် ကရာကော ဂိုးသမား ဒိုလ်ဟာက ရော့ဘတ်နှင့် နွန်ဒါတို့၏သွင်းဂိုးများကို ကာကွယ်ပေးနိုင်ခဲ့ပြီးနောက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် ဆာဗေ့ဂျ်က သွင်းယူခဲ့သည်။

သို့သော်လည်း ကရာကောအသင်းသည် အိမ်ကွင်းအားသာချက်ဖြင့် ပွဲစပြီး ၂၈မိနစ်အကြာတွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

နယူးကာဆယ်နိုင်

အုပ်စု(ဆ)မှ နယူးကာဆယ်အသင်းသည် ဖီနာဘာချီအသင်းကို အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

မဖမ်းနိုင်

နယူးကာဆယ်တို့ အိမ်ကွင်းဖြစ်သော်လည်း ပထမ ပိုင်းပြီးသည်အထိ အနိုင်ဂိုး မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် အနိုင်ဂိုးရရှိရေး တိုက်စစ်အရှိန်မြှင့်ခဲ့ရာ ပွဲချိန် ၇၉ မိနစ်တွင် တိုက်စစ်မှူး ဆီဘာစတီကစတီဗင်တေးလာ ကန်သွင်းသောဘောလုံး ဖီနာဘာချီဂိုးသမား မဖမ်းနိုင်ဘဲ ပြန်ထွက်လာစဉ် သွင်းယူခဲ့ခြင်းဖြစ်သည်။

မဖန်တီးနိုင်

ဖီနာဘာချီတို့သည် ဒုတိယပိုင်းတွင် ခြိမ်းခြောက်ကစားခဲ့သော်လည်း နယူးကာဆယ်ဂိုးသမား စတိဗ်ဟာပါကို စမ်းသပ်နိုင်လောက်သည့် ဂိုးသွင်းခွင့် မဖန်တီးနိုင်ခဲ့ပေ။

ဘလက်ဘန်းအသင်းအတွက် ဘန်တလေအနိုင်ဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။

စုစည်းတင်ပြသူ – မြင့်မောင်စိုး

ထိုအတောအတွင်း နယူးကာဆယ်တိုက်စစ်မှူးမာတင် ဂိုးသွင်းခွင့်များ ဖန်တီးပေးနိုင်ခဲ့သည်။ သို့ရာတွင် ဂိုးမရခဲ့ပေ။

တော့တင်ဟမ်နိုင်

ယူအီးအက်ဖ်အေဖလားပြိုင်ပွဲ အုပ်စု(ခ)မှ တော့တင်ဟမ်အသင်းသည် ဘက်ဆစ်တပ်ခ်အသင်းကို အဝေးကွင်း၌ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

တော့တင်ဟမ်အသင်းမှ ဂါလီဘက်ဆစ်တပ်စ်အသင်းမှ နောက်တန်းလူ ဂို့ဟမ်းဇန်ကို ကျော်ဖြတ်၍ ဂိုးသွင်းရန်ကြိုးစားခဲ့သည်။

ဟောက်ဆန်ဂါလီနှင့် ဘာဘာတော့ဗ်တို့က ယူအီးအက်ဖ်အေဖလား ပြိုင်ပွဲအုပ်စု(ခ) အဖွင့်ပွဲစဉ်တွင် တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဂါလီသွင်းယူသည့် ဂိုးမှာ စပါးအသင်းအတွက် ပထမဆုံးဂိုးဖြစ်သည်။ ဘူလ်ဂေးရီးယားအသင်းခေါင်းဆောင် ဘာဘာတော့ဗ်သည် ဒုတိယပိုင်းပွဲချိန် ၆၃မိနစ်တွင် တော့တင်ဟမ်အသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး မကြာမီ ရော်ဘီကိန်း သွင်းယူသော ဂိုးမှာဘားတန်းထိမှန်၍ တော့တင်ဟမ်တို့ တစ်ဂိုးနစ်နာခဲ့ရသည်။

အခြားပွဲရလဒ်များ

အယ်လ်ကမာ	၃ – ၀	ဘရာဂါ
လီဘာရက်	၀ – ၀	ဆီဗီလာ
အိုဒန့်ဘီကေ	၁ – ၂	ပါးမား
အိုဆာဆူနာ	၀ – ၀	ဟီရန်ဗင်း
လီဖော်နို	၀ – ၁	ရိန်းဂျားစ်
ဟိုင်ဖာ	၃ – ၁	အော်ဖေး
ကလပ်ဘရပ်	၁ – ၁	ဘောယန်လေဗာကူဆင်
ဘေဆယ်	၁ – ၁	ဖေယင်နူး
ဗီယင်နာ	၁ – ၄	ဝါရီဂျမ်
စပါတာပရာဂ်	၀ – ၂	အက်စ်ပန်ညို
ပနာသီနိုင်ကော့စ်	၂ – ၀	တဲအဗစ်
ရက်ပစ်ဘူခါရက်	၀ – ၀	ပီအက်စ်ဂျီ
ဖရန့်ဖတ်	၁ – ၂	ပါလာမို။

(အင်တာနက်)

ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ် အာဆင်နယ်အသင်းနှင့် နှစ်ရှည်စာချုပ်

လန်ဒန် အောက်တိုဘာ ၂၀

ကိုးကားတင်ပြသူ– မောင်မောင်မြင့်ဆွေ

အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် အာဆင်နယ်အသင်းနှင့် ရှစ်နှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။

ထုတ်ဖော်ပြောကြား

အသက် ၁၉ နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားကို နည်းပြအာစင်ဝင်ဂါးက လွန်ခဲ့သောလက နှစ်ရှည်စာချုပ်သွားရန် ထုတ်ဖော်ပြောကြားခဲ့ပြီဖြစ်သည်။ ၎င်းသည် ၂၀၁၄ အထိ အာဆင်နယ်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဝမ်းမြောက်

မိမိသည် အာဆင်နယ်ကို ရောက်လာခဲ့၍ ဝမ်းသာမိကြောင်း၊ ယခုလည်းစာချုပ်သစ်ချုပ်ဆိုခဲ့၍ ဝမ်းမြောက်မိကြောင်း စပိန်လက်ရွေးစင်ကစားသမား ဖာဘရီဂတ်စ်က ပြောကြားသည်။

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။

မိမိသည်အာဆင်နယ်အသင်းမှာသာ ပြန်ကစားလိုကြောင်း၊ အထူးသဖြင့် အာစင်ဝင်းဂါး၏ထောက်ခံအားပေးမှုနှင့်သစ္စာရှိမှုတို့ကြောင့်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

၎င်းသည် ၂၀၀၃ ခုနှစ် ဇူလိုင်လက ဘာစီလိုနာ လူငယ်ကစားသမားဘဝမှ အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ကျွမ်းဘားအားကစားပြိုင်ပွဲ တရုတ်နိုင်ငံသားရန်ဝိရွှေတံဆိပ်ရ

အာဟွတ်(စပိန်) အောက်တိုဘာ ၂၀

တရုတ်နိုင်ငံသား ရန်ဝိသည် ကမ္ဘာ့ကျွမ်းဘားချန်ပီယံပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ **(အောက်အလယ်လူ)**

ဆွတ်ခူး

၎င်းသည် ၂၀၀၀ပြည့်နှစ်ကအိုလံပစ်ကျွမ်းဘားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရှင်ဖြစ်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် ရန်ဝိသည် စုစုပေါင်းရမှတ် ၉၄ ဒသမ ၄၀၀ဖြင့် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ ၂၀၀၅ခုနှစ် ကမ္ဘာ့ချန်ပီယံ ဟီရိုယုကီတိုမီတာက ဒုတိယဆုရရှိခဲ့သည်။ **(အောက်ဝဲပုံ)** ဂျာမနီနိုင်ငံသား ဖာဘရီယန်ဟမ်ဘူချန်က ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အောက်ယာပုံ)** **(အင်တာနက်)**

အနိုင်ရဗိုလ်စွဲခဲ့သူသုံးဦး

ကမ္ဘာ့ကျွမ်းဘားချန်ပီယံပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သူသုံးဦးအား ဆုယူအပြီး ဤသို့တွေ့ရသည်။

အားကစားသတင်းတိုများ

- **ဥရုဂွေးအသင်းနှင့် ဗင်နီဇွဲလား အသင်းတို့ ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားရာတွင် ဥရုဂွေးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**
- **အက်ဖ်အေက ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်နှင့် ကာလိုကူဒီစင်နီတို့ ပြီးခဲ့သောစနေနေ့က ရက်ဒင်းအသင်းနှင့် ကစားရာတွင် တရားဝင်စုံစမ်း စစ်ဆေးပေးမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။**
- **ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲတွင် နယ်သာလန်ဘောလုံးအသင်းကို ကိုယ်စားပြု ကစားသွားရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**
- **ချယ်လ်ဆီးရောက် ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုအား ပရီမီယာလိဂ်တွင် ဂိုးမသွင်းနိုင်သော်လည်း ချန်ပီယံလိဂ်တွင် ဒရော့ဘာနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့၍ နည်းပြမော်ရင်ဟိုက ချီးကျူးစကား ပြောကြားခဲ့သည်။**
- **ဗလင်စီယာ နောက်တန်းလူ ဒယ်ဟိုနီသည် ဒဏ်ရာရရှိထား၍ ခွဲစိတ်ရမည်ဟုဆိုသည်။ ယင်းဒဏ်ရာမှာ ချယ်လ်ဆီးမှ ရာသီအကုန်တွင် ပြောင်းရွှေ့ကတည်းက ရရှိခဲ့ခြင်းဖြစ်သည်။**

(အင်တာနက်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး စက်ပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်—

(1) A 4 Printer	4 Nos
(2) A 3 Printer(HP 5100 TN)	2 Nos
(3) Plain Paper Copier	3 Nos
(4) Computer PIV	10 Nos
(5) Digital Satellite Receiver	20 Nos
(6) Maintenance Equipment for 9 Regional Zone	1 Lot
(7) 3 Head Stereo Cassette Recorder	3 Nos
(8) Radio Receiver	7 Nos
(9) 7.5 KVA Generator	4 Nos

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၁၀-၂၀၀၆ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၅၃၇၆၈၅။

လက်ထပ်ပြီးစီးခြင်း

အမှတ် ၈၅၊ (၁၃)ရပ်ကွက်၊ ဥက္ကလာမြို့သစ်၊ ပဲခူးမြို့နေ
ဦးဝင်းမြင့်(ဦးစီးအရာရှိ၊ လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်မြသန်းနုတို့၏ သားငယ်

မောင်သူရဝင်း

Diploma in Hotel Management (Cavendish College, London, UK), B.A English for Occupational Purpose(University of Dagon)

နှင့်

မ/၁၅၊ မင်းလမ်း၊ လှည်းကူးမြို့နေ
ဦးမောင်မောင်-ဒေါ်သန်းသန်းဌေး(ငွေလမင်း ဆီစက်/ဆန်စက်)
တို့၏သမီးကြီး

မခင်မာလာမောင်မောင်

Admin Assistant (Procurement) The United Nations World Food Programme B.A (Honours) Business Studies & Management (Middlesex University, London, UK), Bachelor of Technology (University of Computer Studies Yangon)

တို့သည် နှစ်ဖက်မိဘတို့၏ သဘောတူခွင့်ပြုချက်ဖြင့် ၁၇-၁၀-၂၀၀၆ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် တွဲဖက်မြို့နယ်တရားသူကြီး ဦးဉာဏ်ထွန်း၏ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်သူရဝင်း-မခင်မာလာမောင်မောင်။

(1) Professional Building Design
(Auto CAD , 3DS MAX & Photoshop)
(2) Professional Structural Design
(Etabs ,STAAD,SAP,& Steel Software)
(3) Foundation Analysis & Design
(Bowel,STAAD,SAFE Software)
(4) Estimating in Civil Engineering
5) Survey Training (Land Development)
mmt Computer Center
TEL : 707566

UNIQUE STAR TRAVELS & TOURS CO.,LTD
Nov.2 (95000)
Oct.26 Nov.2,16,23 (70000)
Oct.26 Nov.2,9,11,16 (70000)
Oct.26 Nov.9,16,23 (70000)
Nov.2 (70000)
Hotel (2)
Oct.27 Nov.3 (45000)
Rm(05),Ground Floor,Asia Plaza,Seikkanthar Street
391 372 , 391 373 , 391 419, 09 514 6079

ပျောက်ဆုံးခြင်း ကျွန်တော်၏ ၆က/၅၂၀၉ (အဖြူ) တိုယိုတာကိုရိုလာ ပုံစံ(၁) စာရွက်ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။
ဦးခင်ကြိုင် L/ RGN-၀၂၆၅၆၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၄၀၇၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဇော်ဖြိုးထက် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၂၃၁၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး၊ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၄၂၄၊ Toyota Sprinter SL 4 x 2 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်ညွန့် မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၆၉၉၀၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အနောက်ပိုင်းခရိုင်ရုံး၊ရန်ကုန်မြို့။

ထွန်းဖောင်ဒေးရှင်းဘဏ်
ပညာသင်ထောက်ပံ့ကြေးဆုခေါ်ယူခြင်း

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်မှ (၂၀၀၇-၂၀၀၈)ပညာသင်နှစ်တွင် [illegible] (၁၀၊ ၁၁၊ ၂၀၀၇) [illegible] ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (ရုံးချုပ်)သို့ လျှောက်ထားနိုင်ပါသည်။

စဉ်	တက္ကသိုလ်အမည်	ချီးမြှင့်မည့် ကျောင်းသားဦးရေ	ကျောင်းသားတစ်ဦးအတွက် လစဉ်ထောက်ပံ့ကြေးငွေ
(၁)	ဆေးတက္ကသိုလ်များ	(၁၅) ဦး	ကျပ် ၅၀,၀၀၀/-
(၂)	အစိုးရနည်းပညာတက္ကသိုလ်များ	(၅) ဦး	ကျပ် ၄၀,၀၀၀/-
(၃)	စီးပွားရေးတက္ကသိုလ်များ	(၅) ဦး	ကျပ် ၄၀,၀၀၀/-
(၄)	ဝိဇ္ဇာ နှင့် သိပ္ပံဘာသာရပ်သင်တက္ကသိုလ်များ	(၁၀) ဦး	ကျပ် ၃၀,၀၀၀/-
(၅)	[illegible]	(၅) ဦး	ကျပ် ၃၀,၀၀၀/-
(၆)	[illegible]	(၃) ဦး	ကျပ် ၃၀,၀၀၀/-

ပညာသင်ဆုချီးမြှင့်ရာတွင် -

(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]

လျှောက်လွှာပုံစံနမူနာ

(၂၀၀၇-၂၀၀၈)ပညာသင်နှစ် ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆုလျှောက်လွှာ
.... တက္ကသိုလ်အတွက်

ဓာတ်ပုံ

(၁) လျှောက်ထားသူ၏အကြောင်းအရာ
(က) အမည် ....
(ခ) အခြားအမည် (ရှိလျှင်) ....
(ဂ) မွေးသက္ကရာဇ်/အသက် ....
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....
(င) လက်ရှိတက်ရောက်နေသည့်အတန်း (ဘာသာရပ်) ....
(စ) လက်ရှိတက်ရောက်နေသည့်တက္ကသိုလ်/မြို့ ....
(ဆ) တက္ကသိုလ်ဝင်စာမေးပွဲရမှတ် စုစုပေါင်း ....
(ဇ) လက်ရှိတက္ကသိုလ်သို့ ဝင်ရောက်သည့်အဆင့် ....

(၂) အတူနေမိသားစု၏ အကြောင်းအရာ -

	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ပညာအရည်အချင်း	လက်ရှိအလုပ်အကိုင်	လစာ(သို့)တစ်လဝင်ငွေ
(က) ဖခင်	.....	.....	.....	.....	.....
(ခ) မိခင်	.....	.....	.....	.....	.....
(ဂ) အုပ်ထိန်းသူ(တော်စပ်ပုံ)	.....	.....	.....	.....	.....
(ဃ) ညီ/အစ်ကိုမောင်နှမများ	.....	.....	.....	.....	.....
(၁)	.....	.....	.....	.....	.....
(၂)	.....	.....	.....	.....	.....
(၃)	.....	.....	.....	.....	.....
(၄)	.....	.....	.....	.....	.....
(၅)	.....	.....	.....	.....	.....

(၃) လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ....

(လက်မှတ်) ....
အမည် ....

လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။
(၁) ပညာသင်ဆုလျှောက်ထားရသည့်အကြောင်းရင်းဖော်ပြသည့် ကိုယ်တိုင်ရေးလျှောက်လွှာ
(၂) မှတ်ပုံတင်မိတ္တူ
(၃) သန်းခေါင်စာရင်းမိတ္တူ
(၄) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ
(၅) တက္ကသိုလ်ဝင်တန်းအမှတ်စာရင်း
(၆) [illegible]
(၇) [illegible]
(၈) [illegible]

ထွန်းဖောင်ဒေးရှင်းဘဏ် (ရုံးချုပ်)
[illegible]
☎ [illegible]

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၆ (စနေနေ့)

၇း၀၀ MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဉာဏ်ရည်မြင့်မား မျိုးဆက်သစ် လူငယ်များ
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ ဂီတသံစဉ်အလှဆင် (တင်တင်မြ)
၇း၄၀ တစ်ပတ်အတွင်း အားကစားသတင်း
၇း၅၅ တေးဂီတအစီအစဉ်
၈း၀၀ ကရဝိက်ဥယျာဉ်ကမ္ဘာ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်
၈း၁၀ ပြည်တွင်းသတင်းအကျဉ်း
၈း၂၀ နိုင်ငံတကာ အနုပညာရေးရာ
၈း၄၅ ကြယ်စင်မောင်နှမနှင့် တွေ့ဆုံခြင်း
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၀ နိုင်ငံတကာ သတင်းအကျဉ်း
၉း၁၅ ကိုယ်ခန္ဓာကျန်းမာလှပဖို့ ကိုယ်ကာယကစားစို့ (မောင်မြန်မာမြဦးမောင်နှင့် တွေ့ဆုံခြင်း)
၉း၂၀ တေးဂီတအစီအစဉ်
၉း၃၅ မိုးလေဝသခန့်မှန်းချက်
၉း၄၀ လမ်းပြကြယ်များ
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ Yangon Panorama (ဇော်ဝင်းထွဋ်ရဲ့ မျှော်လင့်ခြင်းကမ်းခြေ)
၁၀း၂၅ မိုးအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ ဆေးစက်များ၏ ပေါင်းဆုံရာ
၁၁း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ မောင်လှမျိုး (ချင်းချောင်းခြံ)နှင့် တွေ့ဆုံခြင်း]
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၅း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆း၁၀	Wigan-Man:City	5-Sports (Live)
၈း၂၅	Chelsea-Portsmouth	5-Sports (Live)
	Everton-Sheffield United	5-Series (Live)
	Charlton-Watford	5-Cartoons (Live)
၁၀း၄၀	Aston Villa-Fulham	5-Series (Live)

ကောင်းသတင်းပြာဝေ ရှမ်းအရှေ့ဌာနေ မြင်ကွင်းများ

စိုင်းသိန်း — ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၆ ခုနှစ် ဧပြီလ ၂၆ရက်က သူနာပြု သားဖွားသင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက အမှာစကားပြောကြားပြီး သူနာပြု သားဖွားသင်တန်းကျောင်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး လှူဒါန်းသော ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးအောင်သန်းက ပေးအပ်လှူဒါန်းရာ ဒေါက်တာစိုင်းနော်ငင်းကလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လှူဒါန်းသည့် ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ပေးအပ်လှူဒါန်းရာ ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီးကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ငွေပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ပြည်နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က ပေးအပ်လှူဒါန်းရာ သူနာပြုသားဖွားသင်တန်း ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဝင်းကလည်းကောင်း လက်ခံရယူသည်။

ထို့နောက် သူနာပြုသားဖွားသင်တန်း ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဝင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုလည်း ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၂ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်သန်းသန်းဝင်းနှင့် သင်တန်းသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က သူနာပြုသားဖွားသင်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ်၁၀သိန်းအပါအဝင် အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၄၅သိန်း တစ်နေ့တည်း ငွေပဒေသာပင်အတွက် အလှူငွေပေးအပ်ခဲ့ကြသည်။

စာရေးသူသည် အထက်ဖော်ပြပါ အခမ်းအနား အားလုံးသို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ အခမ်းအနားပြီး၍ ပြန်လာသည့်တိုင် အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်၏ ပြောကြားချက်များကို ပြန်လည်တွေးမိပါ၏။

တိုင်းမှူးက–

“ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အေးချမ်းသာယာရေးကို ဦးစွာ ပထမလုပ်ကိုင်နေပြီး ထိုမှတစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလဲ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းအရှေ့နယ်စပ်ဒေသများရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခု သင်တန်းတက်ရောက်နေကြသည့် သူနာပြုဆရာမများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါလှကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်ရေးတွင် ဤသင်တန်းသို့ တက်ရောက်နေကြသည့် သူနာပြုဆရာမများ၏ စေတနာထားမှု၊ တာဝန်သိစွာ ပြုစုကုသပေးမှုများသည် အထူးလိုအပ်သည်ဖြစ်ရာ မိမိတို့ သင်တန်းပြီးဆုံးပြီးနောက် ကျေးလက်ဒေသများသို့ တာဝန်ထမ်းဆောင်သည့်အခါ စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် နာသုံးနာကို ဦးထိပ်ပန်ဆင်ကာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း” ပြောကြားသွားခဲ့ပါသည်။

ဤတွင် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းနှင့် ပတ်သက်၍ တင်ပြလိုပါ၏။ အထူးသဖြင့် ကျိုင်းတုံမြို့ သင်တန်းကျောင်းကို ၁-၇-၁၉၉၄ ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီးဝင်းရှိ လိပ်ခုံးဆောင်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သူနာပြုသင်တန်းသူများသည် ၁-၉-၁၉၉၄မှ ၃၀-၆-၁၉၉၅အထိ ကန်နားလုံရွာရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ကျောင်းဗလငါးတန်ကျောင်းတွင် နေထိုင်ခဲ့ရပါသည်။ ၁၉၉၄ခုနှစ်တွင် ရန်ပုံငွေကျပ်သိန်း၁၂၀ဖြင့် လွယ်မွေလမ်းရှိ သူနာပြု သင်တန်းကျောင်းကို ပန္နက်တင် အုတ်မြစ်ချခဲ့ပြီး ၃၀-၅-၁၉၉၅ရက်နေ့ တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ထို့ကြောင့် ၁-၇-၁၉၉၅ မှ ၁၁-၅-၂၀၀၁ အထိ လွယ်မွေလမ်းရှိ သူနာပြုသင်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ယူခဲ့ရသည်။ ယင်းသို့ သင်ကြားရာမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ခရီးစဉ်မှတ်တမ်းပါ ညွှန်ကြားချက်အရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် အမှတ်(၁) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းအား ၂၀၀၁ခုနှစ် ဇူလိုင်လတွင် လွှဲပြောင်းပေးခဲ့ပြီးနောက် ၁၂-၅-၂၀၀၁ရက်နေ့မှစ၍ ယခုလက်ရှိ သူနာပြုသင်တန်းကျောင်းသို့ ပြောင်းရွှေ့လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ဤသူနာပြုသင်တန်းမှ ၁၉၉၄ခုနှစ် ဇူလိုင်မှ ၂၀၀၆ခုနှစ် မေလအထိ သူနာပြုသင်တန်းဆင်းပြီးသူဦးရေ ၄၂၀ရှိကြောင်း၊ ထို့အပြင် ၂၀၀၂ခုနှစ် ဇူလိုင်လမှ ၂၀၀၆ခုနှစ် မေလအထိ သားဖွားသင်တန်း အောင်မြင်စွာ သင်တန်းတက်ရောက်ပြီးသူ ၅၁ဦးရှိကြောင်း သိရှိခဲ့ရသည်။

၂၀၀၆-၂၀၀၇ခုနှစ် စာသင်နှစ်တွင် တက်ရောက်လျက်ရှိသော လက်ရှိသင်တန်းသားဦးရေမှာ ပထမနှစ်သူနာပြုဒီပလိုမာ ၅၅ဦး၊ ဒုတိယနှစ် သူနာပြုဒီပလိုမာ ၄၅ဦးနှင့် သားဖွားသင်တန်း(အလတ်တန်း) သင်တန်းသား ၁၃ဦး စုစုပေါင်း ၁၁၃ဦးရှိကြောင်းလည်း စုံစမ်းသိရှိခဲ့ရပါသည်။

ဤသို့ ဒေသနေပြည်သူလူထု၏ ကျန်းမာရေးကို အထောက်အကူပြုမည့် သူနာပြုသင်တန်းသားများအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသူ သင်တန်းသားများအတွက် တစ်လလျှင် ငွေကျပ်တစ်သိန်းကို ၁-၇-၂၀၀၅မှ ယနေ့အထိ ကူညီပံ့ပိုးပေးခဲ့သည်။ အဆိုပါ ပံ့ပိုးငွေကို သင်တန်းသူ သင်တန်းသားများအား လစဉ်နေ့လယ်စာအဖြစ် ကျွေးမွေးခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေကလည်း ဤသင်တန်းကျောင်းအတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းပေးခဲ့ပြီး ယင်းအဖွဲ့မှဦးစီး၍ ကျောင်း၏လိုအပ်ချက်ဖြစ်သော သင်ထောက်ကူပစ္စည်းများ၊ စာရွက်စာတမ်းများ ဝယ်ယူရန် အပါအဝင် ထူးချွန်ထက်မြက်သူများအား ဆုများချီးမြှင့်ရန် စသည့်ကိစ္စရပ်များတွင် သုံးစွဲရန် မူချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရက ဆေးရုံ ၁၇ရုံ၊ တိုက်နယ်ဆေးရုံ လေးရုံ၊ နယ်စပ်ဆေးရုံ ငါးရုံ၊ နယ်စပ်ဆေးပေးခန်း ၁၉ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၄ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၇ခု၊ ကျောင်းကျန်းမာရေးဌာန တစ်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ကိုးခုရှိကြောင်း သက်ဆိုင်ရာတို့မှ ထုတ်ပြန်သည့် စာရင်းဇယားအရ သိရှိရပါသည်။

အထက်ဖော်ပြပါ ဆေးရုံ၊ ဆေးပေးခန်းများတွင် တာဝန်ထမ်းဆောင်ကြသည့် ဆရာဝန် ဆရာမတို့၏ အင်အားကို လေ့လာရာတွင် ရှမ်းအရှေ့ဒေသတစ်ခွင်လုံး ဆရာဝန်၈၈ဦး၊ သူနာပြု၂၂၈ဦး၊ သားဖွားဆရာမ ၁၆၃ဦး၊ လက်ထောက် ကျန်းမာရေးမှူး၁၆ဦး၊ ကျန်းမာရေး ဆရာမ၂၀ ရှိကြောင်း လွန်ခဲ့သည့် ၂၀၀၅ခုနှစ် ကျန်းမာရေးဆိုင်ရာဌာန၏ ထုတ်ပြန်သော ကိန်းဂဏန်းများတွင် ဖော်ပြပါရှိသည်ကို မှတ်သားမိခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြု သင်တန်းကျောင်း ငွေပဒေသာပင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်၁၀သိန်း ပေးအပ်လှူဒါန်းခဲ့စဉ်။

ကျွန်တော် တင်ပြလိုသည်မှာ ရှမ်းအရှေ့ဒေသ နယ်မြေအရဖြစ်စေ၊ ဆေးရုံ၊ ဆေးပေးခန်း အခြေအနေအရဖြစ်စေ ဆရာဝန်၊ ဆရာမများ (သူနာပြု) သားဖွားဆရာမများ လိုအပ်နေကြောင်း မီးမောင်းထိုးပြနေပါ၏။

အထက်ဖော်ပြပါလိုအပ်ချက်များကို အစိုးရဌာန (ကျန်းမာရေးဝန်ကြီးဌာန)အနေဖြင့်လည်း ရှမ်း(အရှေ့)ဒေသ လိုအပ်ချက်များကို နှစ်စဉ်နှစ်တိုင်း ဖြည့်စွမ်း ဆောင်ရွက်နေသည့်အားလျော်စွာ အစိုးရမဟုတ်သည့် N.G.O ဟုခေါ်သော လူထုလူတန်းစား အဖွဲ့အစည်းတို့မှလည်း ရှမ်း(အရှေ့)နယ်မြေ လိုအပ်ချက်ဖြစ်သည့် အရန်သားဖွားဆရာမ သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွား ဆရာမ သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို ဇွန်၃၀ရက်က ကျိုင်းတုံမြို့ သူနာပြု သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုက အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ရှိန်က သင်ကြားပို့ချမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။ အဆိုပါသင်တန်းသို့ ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း၊ မက်မန်းမြို့နယ်များမှ အမျိုးသမီး ၂၂ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန်၃၀ရက်မှ ဒီဇင်ဘာ ၁၅ရက်အထိ ရက်သတ္တပတ် ၂၄ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အထက်ဖော်ပြပါ သတင်းဖြစ်စဉ်များကို ဆက်စပ်လေ့လာသည့်အခါ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအာဏာပိုင်များနှင့် ကျိုင်းတုံရှိ မြို့မိမြို့ဖများသည် ကျိုင်းတုံတွင် ဖွင့်လှစ်ထားသည့် သူနာပြုသားဖွားသင်တန်းကျောင်းအပေါ် များစွာအလေးထားကြပါ၏။ စိတ်ပိုင်းဆိုင်ရာလည်း အားပေးခဲ့ကြသလို ရုပ်ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြပါ၏။

ဤသို့ကူညီဆောင်ရွက်ပေးကြခြင်းမှာလည်း ဤသင်တန်းကျောင်းမှ အောင်မြင်စွာ သင်တန်းဆင်းသွားကြသည့် သူနာပြုဆရာမများ၊ သားဖွားသူနာပြုများသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအခရာကျသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပါ၏။ အထူးသဖြင့် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှုလုပ်ငန်းများအပါအဝင် ကုသရေးအထိ အခြေခံကျသည့် လုပ်ငန်းများကို ဆောင်ရွက်ကြမည့်သူများဖြစ်သည့်အတွက် တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး မှာကြားသကဲ့သို့ စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် “နာ”သုံးနာကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုလုပ်အားဒါနပြု

လားရှိုး အောက်တိုဘာ ၆

(၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီက လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေး လုပ်အားအလှူဒါနပြုလုပ်ဆောင်ရွက်ခဲ့ကြရာ လုပ်အားပေးပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးကံလှိုင်နှင့်ဇနီး ဒေါ်သန်းသန်းလဲ့တို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ပြည်နယ်ရဲတပ်ဖွဲ့)**

ညောင်ဦး (ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တောင်ဇင်းကျေးလက်ရေပေးရေးလုပ်ငန်းမှ ရေစက်ရုံများရှိ ရေတွန်းပန့်များ၊ မော်တာများပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှုကို စက်တင်ဘာ ၂၆ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှအင်ဂျင်နီယာမှူး ဦးဝင်းညွန့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်း ဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သော ကျေးဇူးရှင်မိဘ ဆရာသမားများရည်စူး၍ အမှတ်(၆၃၈)ကျောက်တွင်းကုန်း ဘီအိုစီရှေ့ ပဲခူးမြို့နေ ဦးတင်ဦး-ဒေါ်ခင်ဆွေဝင်း၊ သား မောင်ထက်ဘုန်းအောင်၊ မောင်အောင်ဟိန်းထွဋ်-မခက်ခက်နိုင်၊ သမီး မတင်မာလာခိုင်၊ မြေးမောင်လမင်းမောင်မောင်သန့် (ကားရေတိုင်ကီ ပြုပြင်ရောင်းဝယ်ရေး) မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ကျောက်မဲမြို့ ရေဦးဝိပဿနာရိပ်သာကျောင်းတိုက် ယောဂီများရေချိုးကန်အတွက် အလှူငွေပေးအပ်

ကျောက်မဲ စက်တင်ဘာ ၃၀

သမီးနန်းထက်ထက်အောင်အား ရည်စူး၍ ကျောက်မဲမြို့(၈)ရပ်ကွက်နေ ဦးစိုင်းအိုက်လိုင်(ခ)ဦးဇော်နီ၊ ဒေါ်နန်းရွှေအိမ် (ဟိန်းဗီဒီယို)မိသားစုတို့က ကျောက်မဲမြို့ ရေဦးဝိပဿနာရိပ်သာကျောင်းတိုက် အမျိုးသားယောဂီများ ရေချိုးကန်အတွက် မတည်လှူဒါန်းငွေ ကျပ်တစ်သိန်းကို စက်တင်ဘာ၂၀ရက်က အကျိုးဆောင် ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းသည်။

ဟောကြားပြသ

အဆိုပါ ကျောက်မဲမြို့ ရေဦးဝိပဿနာရိပ်သာကျောင်းတိုက်တွင် မိုးကုတ်ဝိပဿနာသတိပဋ္ဌာန်(၁၀)ရက်တရားစခန်းများကို တစ်နှစ်လျှင်လေးကြိမ်တိတိ ကျင်းပခဲ့ပြီး၊ စခန်းသာတောရဆရာတော်၊ ကျောက်မဲအောင် ဆုပန်ဆရာတော်၊ နမ့်စလင်းဆရာတော်နှင့် ရေဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ(M.A) တို့က ဝိပဿနာတရားတော်များကို ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ဟောကြားပြသပေးတော်မူကြကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်

၂၂-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလနှင့်ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာသိမှတ်စရာ
(အစားသည်ဆေး) (သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ
(ဆန်းနေဝင်းခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ
(အရောင်အသွေးတို့ ဆန်းကြယ်စွာ)
၁၁:၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ရွက်စိမ်း (ခင်ညွန့်ရီ)
(၂) ကိုယ့်ချစ်သူကောင်းစားရေးအတွက် (ကိုကျော်ညွန့်)
(၃) မောင့်ချစ်စိတ်ရည် (နှင်းရည်သန့်)
၁၂:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ်
(စိတ်ကောင်းရှိသူ သူဌေးဖြစ်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(ဆန်းယဉ်နုအလှထာဝရ)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ
(တက္ကစီလာပြတိုက်နှင့် ဗုဒ္ဓရုပ်ပွားတော်များ)
(ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၀၀ ဟာသယှဉ်ဆော့ (လူရွှင်တော်ဓာတ်စုံ၊ မန်းကျော်၊ ညိုညိုဝင်းတို့၏ ဟာသ)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက်
(ပင်းယခေတ်မင်းစာဆို)
(ဦးကျော်ကျော်ဆန်း-ရွှေဘို)
၁၇:၃၀ သူ့အလှည့် (ချောစုခင်)
၁၈:၄၅ အာယုနှင့် သာခုဆွေးနွေးခန်း
၂၀:၃၀ အင်္ဂလိပ်စကားပြောကြမယ်
English Lesson
Working Knowledge
၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပန်း (ကိုလေးအောင်)
(၂) စံပယ်ပွင့်ပြီမောင် (ကြည်ကြည်ဝင်း)
(၃) ဘယ်မှာလဲအချစ်ရယ် (ကိုမင်းနောင်)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဝက်ထီးကန်- ဝက်မြေတောလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းမှုကို စက်တင်ဘာ၂၅ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ကွင်းဆင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အဝီစိတွင်းတူးဖော်

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဇလပ်ကွင်းကျေးရွာ၌ အဝီစိတွင်းတူးဖော်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၅ ရက်က အင်ဂျင်နီယာမှူးဦးထွန်းထွန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးယဉ်မင်းဦးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပလောက်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဗိုလ်လု၊ ဆုပေးအပ်ချီးမြှင့်

ပလောက် အောက်တိုဘာ ၁၀

မြိတ်ခရိုင် ပလောက်မြို့နယ် အုပ်ချုပ်ရေးမှူးဖလားရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၂ရက် ညနေ၃နာရီက ပလောက်မြို့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပလောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဘောလုံးဗိုလ်လုပွဲအဖြစ် အမှတ်(၁)ရပ်ကွက်အသင်းနှင့် ပြင်ဘုကြီးကျေးရွာအုပ်စု အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပြင်ဘုကြီးကျေးရွာအုပ်စုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ အမှတ်(၁)အသင်းအား ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာပြုံးချိုကလည်းကောင်း၊ ပထမဆုရ ပြင်ဘုကြီးကျေးရွာအုပ်စုအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးအောင်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့ သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် လေယာဉ်ကွင်းလမ်းဘေး ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပုံသွင်းခြင်းတို့ကို စက်တင်ဘာ ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် ရပ်ကွက် (ယုဇန တာဝါ) ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၆၆) ရှိ ယုဇနတာဝါ စီမံခန့်ခွဲရေး ကော်မတီနှင့် မိသားစုများက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးဦးအောင်သန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြေငှားပါမစ်မူရင်းများအပ်နှံရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းအရ ပြောင်းရွှေ့နေရာချထားသော အောက်ပါမြေငှားပါမစ်မူရင်းများ ပျောက်ဆုံးလျက်ရှိပါသည်။ ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပါမစ်မူရင်း လက်ဝယ်ရှိသူများ လှိုင်မြို့နယ်၊အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လာရောက်အပ်နှံရန်နှင့် အပ်နှံခြင်း မရှိပါက ပါမစ်မူရင်းကို ပယ်ဖျက်ပြီး ပိုင်ရှင်များသို့ မိတ္တူအသစ်ထပ်မံထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စဉ်	ပိုင်ရှင်အမည်	မှတ်ပုံတင်နံပါတ်	မြို့နယ်	မြေတိုင်းရပ်ကွက်	မြေကွက်အမှတ်
၁။	ဦးကျော်ထွန်း	PWA ၀၄၀၁၃၃	ရွှေပြည်သာ	ထ/၄၃	၁၂၄၃
၂။	ဦးမြင့်စိုး	၁၂/လမန(နိုင်)၀၇၁၁၁၀	။	။	၁၂၀၇/ခ
၃။	ဦးတင်ဌွေ	၁၂/လမန(နိုင်)၀၈၄၅၅၅	။	။	၁၂၁၃
၄။	ဦးတင်မြ	၁၂/လမန(နိုင်)၀၈၄၅၇၅	။	။	၁၂၉၈
၅။	ဦးစိန်ထွန်း	BGE–၁၄၃၅၁၃	တောင်/ဒဂုံ	၁၀၄	၂၆၀
၆။	ဦးထွန်းခင်	ISN–၀၈၉၉၇၀	။	။	၃၃၅/က
၇။	ဒေါ်အုန်းကြိုင်	AA–၀၇၄၃၈၂	။	။	၃၄၃
၈။	ဦးမာယာ	CC–၀၄၃၇၉၄	။	။	၃၃၅/ခ
၉။	ဦးနော်ဇီအာမက်	MMN–၀၁၅၈၆၆	။	။	၁၄၅၂/က
၁၀။	ဦးချစ်မောင်	AK–၁၁၈၃၁၂	။	။	၄၇၆/က

ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

အမည်ပြောင်း အမ်းမြို့နယ် ရေမသိမ်ရွာ (အဖ) ဦးဘခင်၏ သမီး မှုံရွှေရီ ၁၁/အမန(နိုင်) ၀၁၅၇၁၀ အား မထားသစ်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မထားသစ်ဦး**

ကျေးဇူးဆပ်ပါမည်
မော်တော်ယာဉ်အမှတ် ၅ခ/၇၁၇၉ ၏ အခွန်ပုံစံ(၁)မူရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း– ၀၁–၇၀၆၃၃၇။

ကျေးဇူးဆပ်ပါမည်
ကျွန်မ၏ နိုင်ငံကူးလက်မှတ် ၀၉၀၉၂၄ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ကျေးဇူးဆပ်ပါမည်။
ဖုန်း–၀၉–၉၉–၇၂၇၆၂။

ရောင်းမည်
တာမွေမြို့နယ်၊သံသုမာလမ်းမ၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒိုမီနီယမ် မြေညီထပ်၊ 1420 Sq.Ft ပါကေးခင်း၊ ကိုယ်ပိုင်ရေ၊ မီး၊ ကားပါကင်ရှိ၊ ဓာတ်လှေကားရှိ၊ ဖုန်းလိုင်းခွဲပါ၊ ပတ်ဝန်းကျင်ကောင်း။

ငှားမည်
တာမွေမြို့နယ်၊ကျိုက္ကဆံလမ်းမကြီး $12\frac{1}{2}$ x˚60' မြေညီထပ်၊ ကိုယ်ပိုင်ရေ၊ မီး ဆိုင်ဖွင့်ရန်ကောင်း။
စုံစမ်းရန်– 09-513.6003,727101

ကျေးဇူးဆပ်ပါမည် မော်တော်ယာဉ် ၃ခ/၉၇၁၁ အခွန်ပုံစံ(၁)ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း – ၀၉ ၅၁၄၈၉၀၅။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုဖွင့်စက်ဆိုင်ရာလိုင်စင်ခွန်များ ပေးသွင်းရန်နှိုးဆော်ချက်

ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုဖွင့်စက် သုံးစွဲသူများအနေဖြင့် နှစ်စဉ်ပေးဆောင်ရန်ရှိသော သတ်မှတ်လိုင်စင်ခများကို မြို့နယ်အလိုက် သက်ဆိုင်ရာ ဆက်သွယ်ရေးစခန်း(စာတိုက်)များက ကောက်ခံလျက်ရှိပါသည်။

အဆိုပါ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုဖွင့်စက်များအား ဝယ်ယူသုံးစွဲသူများသည် မိမိလက်ဝယ်ရောက်ရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ပြုလုပ်သုံးစွဲရမည် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိလိုင်စင်ဖြင့် သုံးစွဲနေသူများသည် လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ခွင့်လွှတ်ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် ပြည်သူများအနေဖြင့် သတ်မှတ်ကာလအတွင်း လိုင်စင်များရယူကြရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
နေပြည်တော်။

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၆၀

၁။ ဦးဇော်လွင်	**နှင့်**	၁။ ဦးဖုန်းမြင့်လူ
၂။ ဒေါ်အေးအေးနိုင်		၂။ ဒေါ်မြမြဦး
		၃။ ဦးကျော်တင့်
လျှောက်ထားသူ		**လျှောက်ထားခံရသူ**

ဒေါ်မြမြဦး၊ ဦးကျော်တင့် အမှတ်–၃၇၅၊ သရဖီလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ တရားနိုင်ဦးဇော်လွင်နှင့် ဒေါ်အေးအေးနိုင်တို့က ဤရုံးသို့ တရားမ ကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားသည့်အကြောင်းနှင့် ဝရမ်းခွာပေးစေလိုမှုလျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် (၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သက်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရောင်းမည်
ကမာရွတ် Highway Complex တိုက်ခန်းများ
(၂၆ x ၅၁) 1f 1MBR. 2 BR အမည်ပေါက် ၃၈၀ သိန်း။
(၂၅ x ၅၀)˚2f 1MBR. 2 BR ပြင်ပြီး အမည်ပေါက် ၃၂၀ သိန်း။
(၂၅ x ၅၀)3f 1MBR. 2 BR ပြင်ပြီး အမည်ပေါက် ၂၉၀ သိန်း။
ဖိုးဝအိမ်ခြံမြေလုပ်ငန်း ဖုန်း–၀၉–၅၁–၀၁၇၂၅၊ ၀၉–၅၁–၄၃၄၇၁။

ဘားအံမြို့၌ ရပ်ကွက်များရေဖြန့်ဝေမှုနှင့် အိမ်သွယ်ရေမီတာတပ်ဆင် ကော့ထော်–မိဇံကျေးလက်ကျောက်ချောလမ်းခင်းဆောင်ရွက်

ဘားအံ အောက်တိုဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ရက် နေ့လယ်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး မြို့သာယာလှပရေး၊ မြို့ရေပေးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ဝန်ထမ်းခန့်ထားမှု၊ ဘဏ္ဍာငွေရရှိသုံးစွဲမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ဘားမဲ့တောင်ပေါ်ရှိ မြို့ရေဖြန့်ဝေပေးလျက်ရှိသော ဂါလန်လေးသိန်းနှစ်သောင်းဆန့်ရေစုကန်လေးလုံးကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက ရပ်ကွက်အလိုက်ရေဖြန့်ဝေပေးမှု၊ အိမ်သွယ်ရေမီတာတပ်ဆင် ပြီးစီးမှုနှင့် အများသုံးရေတိုင် ဆောင်ရွက်ပေးမှု၊ တိုးချဲ့ရေပေးရေးဆောင်ရွက်မှုနှင့် ဘားမဲ့မြစ်ရေတင်ရေစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍အဓိပတိလမ်းကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း၊ အိမ်တွင်းမှုကျောင်းနှင့် လူငယ်သင်တန်းကျောင်းရှေ့ လမ်းဘေး ဝဲယာရေနုတ်မြောင်းတူးဖော်နေမှု လုပ်ငန်းကိုစစ်ဆေးပြီး ကော့ထော်–မိဇံကျေးလက်ကျောက်ချောလမ်းခင်းဆောင်ရွက်နေမှုနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ယင်းကျေးလက်လမ်းမှာ အရှည် ၄၀၀ ပေ၊အကျယ် ၁၂ပေရှိပြီး ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အဖွဲ့ ရန်ပုံငွေကျပ် ၁၀၆၈၀၀၀ ဖြင့် ဆောင်ရွက်သည်။

ထို့နောက် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ပြည်နယ်အတွင်းရှိ မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြသည်။

(နယ်စပ်/စည်ပင်)

မော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ကို မိုးရာသီလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ စက်တင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးသိမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျောက်စုဆောင်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော အမှတ်(၅)လမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်းထားမှုကို အောက်တိုဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့မဈေး အမှိုက်များရှင်းလင်း

မြစ်ကြီးနား စက်တင်ဘာ ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်အောင်နီ၊ဒုတိယဦးစီးမှူး(ဈေး)၊ကျန်းမာရေးမှူး၊ ဈေးကော်မတီနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်တို့သည် စက်တင်ဘာ ၁၄ ရက်က ကျန်းမာရေးနှင့် ညီညွတ်သော ဈေးဖြစ်စေရန် မြို့မဈေးကြီးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ပြီး ရေမြောင်းများအတွင်း အမှိုက်များရှင်းလင်းမှု၊ သားငါး၊ ဟင်းသီးဟင်းရွက်သန့်ရှင်းလတ်ဆတ်မှုနှင့် အလေးချိန်ခွင်များ မှန်ကန်စွာ ရောင်းချမှုရှိမရှိ စစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးပြောကြားခြင်းနှင့် ဈေးအတွင်း မီးဘေးလုံခြုံရေးရှိစေရန် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုကိုအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုး ကြီးကြပ် ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ အစည်းအဝေးများ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် **စာမျက်နှာ ၃ ကော်လံ ၁**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် Globalization ကာလဖြစ်သည့် ယနေ့အချိန်အခါတွင် ဓနအင်အား သာလွန်မှု၊ နည်းပညာအသာစီးရမှု၊ ကမ္ဘာ့မီဒီယာများကို လွှမ်းမိုးထားနိုင်မှုတို့အပေါ် တလွဲအသုံးချပြီး နိုင်ငံကြီးအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လူနေမှုစနစ်ပုံစံတို့ကို ရိုက်သွင်း၍ ၎င်းတို့၏ ဩဇာအာဏာအောက်ကို နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ ကျုံးသွင်းသိမ်းယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားတိုင်း အမျိုးသားရေးစိတ်ဓာတ်များနှင့် ဇာတိမာန်များ အစဉ်နိုးကြားနေစေရန် ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်များကို ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် မဟာဂီတ အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌လည်းကောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ ဒိုးပတ်အတီးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို **စာမျက်နှာ ၆ ကော်လံ ၁**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဆင့်မြင့် ပညာအဆင့် အမျိုးသား အကပြိုင်ပွဲ

အဆင့်မြင့်ပညာ အဆင့် အမျိုးသားအကပြိုင်ပွဲတွင် ကရင်ပြည် နယ် မှ စောမြတ်လင်းစိုး ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မြန်မာ့သစ်တောထွက်ပစ္စည်းများ ကမ္ဘာ့အလယ်၌ဝင့်ထည်နိုင်ရေး မြန်မာ့ပရိဘောဂ ပြပွဲ - ၂၀၀၆ ယနေ့ စတင်ဖွင့်လှစ်ပြသမည်

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် အောက်တိုဘာ ၂၀

သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ (Myanmar Furniture Fair - 2006) ကို အောက်တိုဘာ ၂၁ရက် **(ယနေ့)** မှ ၂၅ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသသွားမည်ဖြစ်သည်။ ယခုပြပွဲသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၂ရက်မှ ၂၆ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အောက်တိုဘာ၂၁ရက် **(ယနေ့)** တွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး အောက်တိုဘာ၂၃ရက်အထိ လုပ်ငန်းရှင်နှင့် ပြည်ပမှဧည့်သည်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်ပြသမည်ဖြစ်သည်။ အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် အများပြည်သူများအား ကြည့်ရှုလေ့လာခွင့်ပြုမည်ဖြစ်သည်။

ပါဝင်ပြသ

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆၌ ပြည်တွင်းပရိဘောဂလုပ်ငန်းအစုအဖွဲ့မှ ပြခန်းများလည်း ပါဝင်ပြသမည်ဖြစ်သည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းအောက်၌ **စာမျက်နှာ ၁၂ ကော်လံ ၁**